မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၃၁ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မှု စွမ်းအားကောင်းများ ပိုမိုခိုင်မာလာစေရေးနှင့် အနုပညာအမွေအနှစ်များ ရိုးရာမပျက် ဆက်လက်ဆင့်ပွားတိုးတက်ဖြစ်ထွန်းလာစေရန် အနုပညာရှင်ကြီးများအားလုံး တက်တက်ကြွကြွ ဆက်လက်အားထုတ်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကြီးကြပ်ဆောင်ရွက်၍ အကဲဖြတ်အမှတ်ပေးခဲ့ကြသော အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အနုပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဂုဏ်ပြုအမှာစကားပြောကြား

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကြီးကြပ်ဆောင်ရွက်၍ အကဲဖြတ်အမှတ်ပေးခဲ့ကြသော အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အကအကဲဖြတ်ပညာရှင်များကိုယ်စား အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လမ်းကွန်ရက်များ အကောင်အထည်ဖော် ဒေသခံပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၈ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မြဧရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန်သွက်လက်ရေးဆောင်ရွက်ရာတွင် လွယ်ကူစွာသွားလာရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်သည် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

လေဘေးသင့်ဒေသများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ခဲ့ရာ မူလအခြေအနေထက် သာလွန်တိုးတက်မှု ဖြစ်ထွန်းနေပြီ ဖြစ်သည်။

ယခုအခါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေရာ ကားလမ်းကို အသုံးပြုမှုများ၍ ပျက်စီးမှုများ ရှိခဲ့သည်။ ဧရာဝတီတိုင်းအတွင်း လမ်းများကို ချောမွေ့စွာသွားလာရေးအတွက် လမ်းအပိုင်းလိုက် တာဝန်များ သတ်မှတ်ပေးထားသည်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ဘေးအန္တရာယ်လွတ်ရာသို့ အလွယ်တကူ ရှောင်ရှားနိုင်ရန် လမ်းကွန်ရက်စနစ်များ အကောင်အထည်ဖော်လျက်ရှိရာ ဧရာဝတီတိုင်းအတွင်း ပင်လယ်ပိုင်းဒေသအထိ ဆက်သွယ်သွားလာနိုင်မည့် လမ်းမကြီးငါးသွယ်ကို အခိုင်အခံ့ဖောက်လုပ်ပေးလျက်ရှိသည်။

ပင်လယ်ပိုင်းနှင့်နီးသော ကျေးရွာများရှိ လမ်းများတွင်လည်း ရေဘေးခိုလှုံနိုင်ရန် Cyclone Shelter များ တည်ဆောက်ပေးထားပေသည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ဒေသ ပြည်သူများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်ဆန်လွယ်ကူရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အလေးထားဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းပါဝင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းတို့က ကြီးမှူး၍ အသက်(၇၀)မှ (၉၀)အတွင်းရှိ ဂုဏ်ထူးဆောင်နာယကများအား (၁၄)ကြိမ်မြောက် ပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ် တောင်တက်ခရီးကြမ်းများတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၂ရက် (စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။ ခြေလျင်နှင့် တောင်တက်ကျောင်းသားဟောင်းမျိုးဆက်သစ်အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် (မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) (အဆောင်မှူး၊ အင်းဝဆောင်)ဖုန်း-၅၃၆၀၇၂၊ ၅၃၅၇၉၈၊၀၉-၅၀-၁၀၇၅၄နှင့် ကျောင်းသားဟောင်း မျိုးဆက်သစ် အမှုဆောင်အဖွဲ့ဝင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၃၁-၁၀-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မြန်မာစာမြန်မာစကား
၅း၀၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၈)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၂၀)

အောက်တိုဘာ ၂၉ရက်က ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်က အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

နယ်စပ်ဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဧကာဒသမအကြိမ်မြောက် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များမှ အခြေခံပညာသင်ရိုး ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၁နာရီက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက် အမှာစကားပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များကိုယ်စား ဦးသန်းမောင်(ပန်းတိုင်စာပေ)က စာအုပ်စာတမ်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး အလှူရှင် ၁၁ဦးက ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆောင်ရွက်လျက်ရှိ

ယနေ့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ် ၁၁၈၆၀ တန်ဖိုးငွေကျပ် ၈၀၃၃၁၅၀ ကို အလှူရှင် ၁၁ဦးက လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ အလှူရှင်များ လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ ပရဟိတကျောင်းများ၊ နယ်စပ်ဒေသရှိ အခြေခံပညာကျောင်းများသို့ ပေးပို့သွားမည်ဖြစ်ပြီး အမြန်ဆုံးရောက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုလွှာပေးအပ်

အောက်တိုဘာ ၂၀ရက်က အမက(၂၂) တာမွေမြို့နယ်တွင် ဦးဌေးအောင်-ဒေါ်သန်းသန်းမြင့်တို့၏သမီး ဒုတိယတန်းမှ မရွှေရည်ဝင်းနှင့်မငွေရည်ဝင်း အမြွာညီအစ်မ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **ယုံကြည်မှုနဲ့ သွားရမယ်** တရားတော်(ပထမပိုင်း) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)]
၈း၀၅-၂း၀၅ မော်ကျွန်းမြို့အတွက် ဂုဏ်ဆောင်နွဲ့ စာအောင်ဆုနှင်းသဘင်ပွဲ
၈း၁၅-၂း၁၅ VJ Choice
၈း၃၀-၂း၃၀ တက်ညီလက်ညီ ရပ်တည်နိုင်ပြီ တိုင်းဧရာဝတီ (အားမာန်အပြည့်နှင့် လပွတ္တာမြို့နယ်မှ အင်္ဂတေကျေးရွာ)
၈း၄၅-၂း၄၅ တေးဂီတအစီအစဉ်
၈း၅၀-၂း၅၀ Art Vision (Art Field Art Exhibition)
၉း၀၅-၃း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅ တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀ လေ့လာဆည်းပူး သင်ယူချင်စရာ RV Centre မှာ(အပိုင်း-၁)
၉း၅၀-၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀ မုန်တိုင်းဒဏ်ခံ ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုအစီအစဉ်
၁၀း၃၀-၄း၃၀ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅ **သတိတစ်ချက်၊ တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၀း၄၅-၄း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀ ဂုဏ်ယူစရာ မြန်မာ့ခရီးသွားလုပ်ငန်းမှာ
၁၁း၀၅-၅း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၃၀-၅း၃၀ မြန်မာ့စပီရှုလိုင်းနား
၁၁း၄၅-၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၁၀-၆း၁၀ တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂း၃၀-၆း၃၀ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
၁၂း၅၅-၆း၅၅ တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အရေးအကဲဖြတ်ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နေပြည်တော်၌ လေ့လာရန် ရောက်ရှိနေကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ညနေ ၅ နာရီတွင် အခမ်းအနားကျင်းပသည့် နေပြည်တော်မြို့တော်ခန်းမသို့ ရောက်ရှိလာရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ဝမ်းမြောက်

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေကြသော အနုပညာရှင်ကြီးများကို ယခုကဲ့သို့ စုံစုံညီညီကျန်းမာရွှင်လန်းစွာ တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ရှေ့တန်းမျက်နှာစာတစ်ခုဖြစ်ကြောင်း၊ ထိုသို့ အမျိုးသားရေးအနှစ်သာရနှင့် ပြည့်စုံလှသည့် ပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းအောင် စိတ်ရောကိုယ်ပါ အားထုတ်ကြိုးပမ်းစွမ်းဆောင်ပေးကြသော အနုပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးသည် ကြီးမားလှကြောင်း။

အသိအမှတ်ပြု

ထို့ကြောင့် ပြိုင်ပွဲကြီးတစ်ရပ် ပြီးမြောက်သွားသည့်အခါတိုင်းတွင် အနုပညာရှင်ကြီးများ၏ ပါဝင်ကြိုးပမ်းအားထုတ်မှုများ၏ အကျိုးတရားနှင့်ကျေးဇူးကို အသိအမှတ်ပြုပြီး ယခုကဲ့သို့ ဂုဏ်ပြု ညစာစားပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ စီးပွားရေး အပါအဝင် ရုပ်ပိုင်းဘဝ တိုးတက်ရေးအတွက်သာမက အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးအပါအဝင် လူမှုဘဝတိုးတက်မြင့်မားရေးအတွက်လည်း ဟန်ချက်ညီညီ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်မှန်သော်လည်း နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စောင့်ရှောက်မြှင့်တင်ပေးနေခြင်းသည် အမျိုးသားယဉ်ကျေးမှုစွမ်းအားပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတကာနှင့် တိုးမြှင့်ဆက်ဆံပြီး နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ယနေ့အချိန်အခါတွင် ကြုံတွေ့ကြရသည့် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်စေရန် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအား အစဉ်အမြဲ ခိုင်မာနေစေရေးအတွက် အမျိုးသားရေးသတိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အခွန့်ရှည်တည်တံ့

အနုပညာရှင်ကြီးများအပါအဝင် ပြည်သူအများစုကြီးက သတိတရားရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အကျိုးတရားကြောင့် ရိုးရာအနုပညာနှင့်ယဉ်ကျေးမှု

အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များကိုယ်စား ဗဟိုအကဲဖြတ်ပညာရှင် ဒေါ်နွဲ့နွဲ့စန်း ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဓလေ့စရိုက် အစဉ်အလာကောင်းများ ယနေ့တိုင် ခံ့ခံ့ထည်ထည် ခိုင်ခိုင်မြဲမြဲ အခွန့်ရှည်တည်တံ့နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့လူငယ်များကို မိမိရိုးရာယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းခြင်း၏အနှစ်သာရကို သိမြင်ခံစားရပြီး ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့်စိတ်ဓာတ် အစဉ်ရှင်သန်နေစေရန်အတွက် အနုပညာစွမ်းအားဖြင့် စွမ်းဆောင်ပေးကြပါဟု ပန်ကြားလိုကြောင်း။

အနုပညာအရင်းအမြစ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ တစ်နိုင်ငံလုံးက တိုင်းရင်းသားအနုပညာရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လျက်ရှိကြသည့်အတွက် ယခုပြိုင်ပွဲကြီးသည် အလွန်ခိုင်ခံ့သော အနုပညာအရင်းအမြစ်ကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

ဤအားကောင်းခိုင်ခံ့ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံနေသည့် အနုပညာအရင်းအမြစ်များကို တန်ဖိုးရှိရှိ ထိထိရောက်ရောက် အသုံးချပြီး မြန်မာ့ရိုးရာ အနုပညာရပ်များ မျိုးဆက်ချင်းဆက် သယ်ဆောင်ပြန့်ပွားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ပြည်ထောင်စုကြီးတစ်ရပ်လုံး လွှမ်းခြုံထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားယဉ်ကျေးမှု မြတ်နိုးလေးစားထိန်းသိမ်းမှု၌ တညီတညွတ်တည်းဖြစ်စေရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်စေရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် နိုးကြားရှင်သန်လျက်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မှုစွမ်းအားကောင်းများ ပိုမိုခိုင်မာထက်မြက်လာစေရန်နှင့် မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ရိုးရာအစဉ်အလာမပျက် ဆက်လက်ဆင့်ပွား တိုးတက်ဖြစ်ထွန်းစေရန် အနုပညာရှင်ကြီးများအားလုံးက တက်တက်ကြွကြွ ဆက်လက်အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဗဟိုအကဲဖြတ်ပညာရှင်များဖြစ်ကြသော အဆိုအကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြအားလည်းကောင်း၊ အကအကဲဖြတ်ပညာရှင်များကိုယ်စား အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်အား လည်းကောင်း၊ အရေးအကဲဖြတ် ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား လည်းကောင်း၊ အတီးအကဲဖြတ်ပညာရှင်များကိုယ်စား အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်အား လည်းကောင်း၊ အခမ်းအနားမှူးများကိုယ်စား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်ပညာရှင်ဦးလှဝင်းအား လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းအုပ်ချုပ်သူများကိုယ်စား ကရင်ပြည်နယ်မှ အုပ်ချုပ်သူဦးစောထားလုံအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များကိုယ်စား ဗဟိုအကဲဖြတ်ပညာရှင် ဒေါ်နွဲ့နွဲ့စန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အကပညာရှင် စန်းစန်းနု(ခ)စန်းနီလာဝင်းနှင့် အဆိုပညာရှင် ဒေါ်မြင့်မြင့်ကြည်တို့က စောင်းပညာရှင်ဦးသက်ဝေ၏ တီးခတ်မှုနှင့် တွဲဖက်၍ **"ရတနာပုံ"** သီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အကပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်နှင့် မသူဇာလှိုင်တို့က ရွာစားကျော်အောင်ဝမ်းတူးဆိုင်းအဖွဲ့နှင့်တွဲဖက်၍ **"ဆန်းရွှေဦး"** နှစ်ပါးသွားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဂီတလုလင်ဦးကိုကို သီကုံးရေးစပ်ခဲ့သော **"ပြန်လည်ဆုံစည်းကြမယ်"** တေးသီချင်းဖြင့် အဆိုပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမီးပျိုလေးများက ရွာစားကျော်အောင်ဝမ်းတူး ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ကပြဖျော်ဖြေတင်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပြန်တမ်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

The Live News ဂျာနယ် အမှတ်(၁၀၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၄)တွင် မြင်းမူမောင်နိုင်မိုး၏ အလိုရှိသူ၊ သူယုတ်မာ၊ နီမင်းဆွေ၏ အနာခံမှအသာစံရ၊ ကိုကိုလှိုင်၏ အမေရိကန်ရွေးကောက်ပွဲ ဘယ်သူနိုင်မလဲ၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၂၂) လောကနိဗ္ဗာန်မှ သွေးဖည်သောယာဉ်မောင်းများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ (Roundabout)(၅)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေးဘဝ အလှည့်အပြောင်းများအပိုင်း(၄)၊ အောင်လှုမ်းဝေ၏ လွမ်းဌွေ့မပြေချယ်ရီမြေ(၇)၊ သစ်လွင်မိုး၏ ငွေကြေးအကျပ်အတည်းကျော်လွှားနိုင်ရေး ဥရောပသမဂ္ဂပြင်ဆင်မှုများပြုလုပ်၊ မောင်နေလင်း၏ တက္ကဆီမင်းနှင့် မျက်ကန်း အချစ်သမား၊ ဒီကောင်မလေးက သရုပ်ဆောင်တာ အကုန်ကောင်းတယ်ဆိုတဲ့ နေရာမျိုးလေးရောက်ချင်တဲ့ သရုပ်ဆောင်မလေး မေကဗျာ၊ အန္တရာယ်ချောက်ကမ်းပါးအစပ်မှ ပါကစ္စတန်၊ ဈေးကွက်စီးပွားရေး၏ အားနည်းချို့ယွင်းချက်များ အလန်ဂရင်းစပန်းဝန်ခံ၊ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကို လက်တွဲရင်ဆိုင်ဖြေရှင်းကြမည့် အာရှ-ဥရောပ ထိပ်သီးခေါင်းဆောင်များ၊ မြောက်အမေရိကနှင့် ဥရောပတွင် ဆင်းရဲ၊ ချမ်းသာ ကွာဟချက်ကြီးမားလာ၊ မျက်ဝန်းရိပ်အပိုင်း(၂၃၊၂၄)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၄၃၊၄၄)၊ လေကြောင်းမြို့တော်အပိုင်း(၉၊၁၀) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပို့ပေးရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ် ၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ တပ်မတော်ခန်းမ၌ ပြသမည်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (10th Anniversary ICT Exhibition) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြသထားမည်

အဆိုပါ ပြပွဲတွင် Myanmar Professionals Education (MPEC) က မလေးရှားနိုင်ငံ Cambridge ICT အသိအမှတ်ပြု ဒီပလိုမာသင်တန်းများဖြစ်သည့် CICT Diploma in Software Engineering နှင့် CICT Diploma in Business IT. သင်တန်းများ၊ စင်ကာပူနိုင်ငံရှိ Beacon School of Technology နှင့် MPEC တို့ပူးပေါင်း၍မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်မည့် Double Certificate ပေးအပ်မည့် သင်တန်းများဖြစ်သည့် Microsoft. NET, Java Programming, Web Design အစရှိသည့် သင်တန်းများအကြောင်းကိုလည်း ပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း နှစ်ပွဲကစား သုံးမှတ်ရရှိထား

ရန်ကုန် အောက်တိုဘာ ၃၀

အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ (က)အုပ်စု ပွဲစဉ်များကို ယနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးအသင်းက ဗီယက်နမ် အမျိုးသမီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

စင်ကာပူနှင့်ကစားရမည်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စု (က)တွင် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး နိုဝင်ဘာ ၁ ရက်တွင် စင်ကာပူ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖိုးရန်နိုင်(ကျောက်ကြီး)၏ ဘဝအဖော်မွန် ကဗျာစာအုပ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ကဗျာဆရာ ဖိုးရန်နိုင်(ကျောက်ကြီး) ရေးသားသည့် ဘဝအဖော်မွန်နှင့် အခြားလက်ရွေးစင်ကဗျာစု စာအုပ်ထွက်ရှိသည်။ **(ဝဲပုံ)**

ကဗျာဆရာ ဖိုးရန်နိုင်(ကျောက်ကြီး)၏ ပထမဆုံးကဗျာစာအုပ်ဖြစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်(ကဗျာဆရာကြီးနောင်)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်- စိတ်ပညာ)တို့၏ အမှာစာများ ပါရှိသည်။

အဆိုပါစာအုပ်တွင် ဘဝအဖော်မွန်ကဗျာ အပါအဝင် ရသကဗျာစု၊ ဒဿနကဗျာစုနှင့် မြန်မာ့အလှကဗျာစုဟု ခွဲခြားထားသည့် ကဗျာပုဒ်ရေ ၅၀ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၆၀၀ ဖြင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့မှ ဖြန့်ချိထုတ်ဝေကြောင်း သိရသည်။ **(သတင်းစဉ်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အယ်လ်ဂျီဟာက်အရပ်ရှိ ဈေးတစ်ဈေးရှေ့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေသည်ကို အောက်တိုဘာ ၂၈ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပိုင်နက်အတွင်း ကျူးကျော်ခဲ့သည့် အမေရိကန် လျော်ကြေးပေးရန် ဆီးရီးယားတောင်းဆို

ဒမတ်စကတ် အောက်တိုဘာ ၃၀

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်ပိုင်နက်အတွင်းမှ ဆီးရီးယားကို တိုက်ခိုက်ခဲ့သဖြင့် ရှစ်ဦးသေဆုံးခဲ့ခြင်း အပေါ် တောင်းပန်ရမည့်အပြင် လျော်ကြေးပါပေးဆောင်ရမည်ဖြစ်ကြောင်း ဆီးရီးယားက အောက်တိုဘာ ၂၉ ရက်တွင် တောင်းဆိုလိုက်သည်။

အကြမ်းဖက်

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကို ကြိုးကိုင်နေသည့် အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင် တစ်ဦးအား တိုက်ခိုက်လို၍ ရဟတ်ယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တို့က အကြောင်းပြပြောဆိုခြင်းကို ဆီးရီးယားနိုင်ငံခြားရေး ဝန်ကြီး ဖေဆယ်မက်ဒက်က တုံ့ပြန်ပြောကြားလိုက်သည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့သည် အောက်တိုဘာ၂၆ရက်က အီရတ်နယ်စပ်အနီး ဆီးရီးယားပိုင်နက်အတွင်း လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ဆီးရီးယားပြည်သူရှစ်ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အီရတ်၏ အခြေအနေ တိုးတက်မှုမရှိ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကြေညာ

ဂျီနီဗာ အောက်တိုဘာ ၃၀

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ပျက်စီးယိုယွင်းနေဆဲဖြစ်ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ဂျီနီဗာဌာနချုပ်မှ ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

ထိုသို့ အခြေခံအဆောက်အအုံများ ပျက်စီးလျက်ရှိရာတွင် သောက်သုံးရေရရှိရေး စီမံကိန်းများပါဝင်ရာ ရေဖူလုံစွာမရရှိသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ကြက်ခြေနီအဖွဲ့က သတိပေးလိုက်သည်။

ပြောကြား

အီရတ်ပြည်သူ၄၀ရာခိုင်နှုန်းမှာ သန့်ရှင်းသောသောက်သုံးရေ မရရှိဘဲ ဖြစ်နေကြောင်း၊ သန်းပေါင်းများစွာသော ပြည်သူတို့ ကျန်းမာရေးအတွက် စွန့်စားနေကြရကြောင်း ယင်းအဖွဲ့ကြီးက ပြောကြားသည်။

များပြားလာ

အီရတ်နိုင်ငံ၏ ကျန်းမာရေး၊ ရေရရှိရေးနှင့် ရေဆိုးထုတ်စနစ် ဝန်ဆောင်ပေးမှုတို့မှာ များပြားလာသော လူဦးရေအတွက် မလုံမလောက်ဖြစ်နေကြောင်း နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)က ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်မှ စစ်သွေးကြွ ၁၂ ဦး အမေရိကန် တပ်ဖွဲ့ဝင်များသတ်ဖြတ်

ကဘူးလ် အောက်တိုဘာ ၃၀

ရဟတ်ယာဉ်ဆင်းသက်လိုက်ရသည့် ဝါဒက်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ယူစဉ် နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်(အိုင်အက်စ်အေအက်ဖ်)တွင် ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၇ ရက်တွင် စစ်သွေးကြွ ၁၂ ဦးအား သတ်ဖြတ်လိုက်ကြောင်း အောက်တိုဘာ ၂၈ ရက်က ထုတ်ပြန်သည့် စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပစ်ခတ်

ကဘူးလ်မြို့တော် အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ ဝါဒက်ပြည်နယ်တွင် ယူအိတ်ချ် ၆၀ ဘလက်ဟော့ခ်ရဟတ်ယာဉ်ကို စစ်သွေးကြွများက လက်နက်ငယ်များဖြင့်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။

သေဆုံး

ဒုံးပစ်လောင်ချာဖြင့်ပစ်သဖြင့် ရဟတ်ယာဉ်အမြီးပိုင်း ထိမှန်ပြီးနောက် ရဟတ်ယာဉ်မှာ မြေပြင်သို့ ဆင်းသက်ခဲ့ရသည်။ မြေပြင်တပ်များက စစ်သွေးကြွများအား လိုက်လံပစ်ခတ်ရာတွင် စစ်သွေးကြွ ၁၂ဦး သေဆုံးခဲ့သည်။ **အမ်အင်န်အေဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ၂၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဝင်ရောက်တိုက်ခိုက်မှု ထပ်မံမဖြစ်ပွားရန် ကုလသမဂ္ဂက တားဆီးပေးရေး ဆီးရီးယားတောင်းဆို

ဂျီနီဗာ အောက်တိုဘာ ၃၀

ဆီးရီးယားပိုင်နက်နယ်မြေအတွင်း ရက်သတ္တပတ်ကုန်က အမေရိကန်ဝင်ရောက်တိုက်ခိုက်မှုမျိုး ထပ်မံမဖြစ်စေရေး ကာကွယ်တားဆီးပေးရန် ဆီးရီးယားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အောက်တိုဘာ ၂၈ ရက်တွင် တိုက်တွန်းလိုက်သည်။

အီရတ်နှင့်ကပ်လျက်ရှိသည့် ဆီးရီးယားနယ်စပ်အတွင်း စီးနင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်ခြင်းရှိမရှိ အမေရိကန်နိုင်ငံက တရားဝင်အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုပေ။

ဆီးရီးယားသံအမတ်ကြီး ဘရှားဂျာဖနီက အမေရိကန်၏ ယင်းလုပ်ရပ်မှာ ပြောင်ပြောင်တင်းတင်းကျူးကျော်မှုအဖြစ် ပြစ်တင်လိုက်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီ လက်ရှိဥက္ကဋ္ဌ တရုတ်သံအမတ်ကြီးတို့ထံ ပေးပို့သည့်စာတွင် ဖော်ပြပါရှိသည်။

တိုက်တွန်း

ယင်းအဖြစ်မျိုး ထပ်မံမဖြစ်စေရန် ကုလသမဂ္ဂက တားဆီးပေးရန်နှင့် အပြစ်မဲ့ ဆီးရီးယားအရပ်သားများ သေဆုံးမှုအတွက် ကျူးကျော်သူကတာဝန်ယူရန် ဆီးရီးယားသံအမတ်ကြီးက တိုက်တွန်းထားသည်။

အမ်အင်န်အေရိုက်တာ

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၄၁၈၈ ဦးသေဆုံးခဲ့ပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၃၀

အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်တို့ ဦးဆောင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်တိုဘာ ၃၀ရက်အထိ ၄၁၈၈ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

မကြာမီကဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသွားပြီးနောက် သေဆုံးသူဦးရေ တိုးလာခြင်းဖြစ်ကြောင်း၊ ယင်းဖော်ပြပါ တပ်ဖွဲ့ဝင်သေဆုံးသူများအနက် ၃၃၈၈ ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်တိုက်ခိုက်မှုတွင် အခြားသောတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗားကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားနှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယား တစ်ဦးစီသေဆုံးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အမေရိကန် ထောက်လှမ်းရေးအဖွဲ့များ အသုံးစရိတ်နှုန်း နှစ်ဆတိုးလာခဲ့

ဝါရှင်တန် အောက်တိုဘာ ၃၀

အမေရိကန်ထောက်လှမ်းရေးအဖွဲ့များ၏ ပြီးခဲ့သည့်နှစ်က အသုံးစရိတ်မှာ ၉ရာခိုင်နှုန်းတက်ကာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅ဘီလီယံအထိရှိကြောင်း အမျိုးသား ထောက်လှမ်းရေးညွှန်ကြားရေးမှူး မိုက်မက်ကွန်နဲက အောက်တိုဘာ၂၈ရက်တွင် ပြောကြားခဲ့သည်။

ဖော်ပြ

အဆိုပါ ငွေကြေးအသုံးစရိတ်တွင် အမျိုးသားလုံခြုံရေးအဖွဲ့၊ စီအိုင်အေနှင့် ထောက်လှမ်းရေးဂြိုဟ်တုများလွှတ်တင်မှု ကုန်ကျစရိတ်များပါဝင်ကြောင်း၊ သို့သော် အမေရိကန်စစ်ဘက်က ထောက်လှမ်းရေးလုပ်ငန်းများအတွက် နှစ်စဉ်အသုံးစရိတ် ဒေါ်လာသုံးလေးဘီလီယံမပါဝင်ကြောင်း အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အသုံးစရိတ်

အမေရိကန်ထောက်လှမ်းရေး အသုံးစရိတ်မှာ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း နှစ်ဆတိုးခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ပွဲများနှင့် တကွ ကမ္ဘာတစ်ဝန်း အယ်လ်ခိုင်ဒါ အကြမ်းဖက် တိုက်ဖျက်ရေးတို့အတွက်ကြောင့် ဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

ပစ်ခတ်မှုဖြစ်ပွား

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အောက်တိုဘာ ၂၈ ရက်တွင် သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ပြီးနောက် ဒဏ်ရာရသူတစ်ဦးအား သယ်မလာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆီးရီးယားကျေးရွာ အမေရိကန်တိုက်ခိုက်မှု အီဂျစ်ပါလီမန်ရှုတ်ချ

ကိုင်ရို အောက်တိုဘာ ၃၀

အရပ်သားရှစ်ဦး သေဆုံးသွားစေသည့် အီရတ်နယ်စပ်အနီးမှ ဆီးရီးယားကျေးရွာကို အောက်တိုဘာ ၂၆ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကို အီဂျစ်အောက်လွှတ်တော်က အောက်တိုဘာ ၂၈ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ထိုလုပ်ရပ်မှာ နိုင်ငံတကာရာဇဝတ်မှု တစ်ရပ်ပင်ဖြစ်ကြောင်း အီဂျစ်ပါလီမန် အာရပ်ရေးရာကော်မတီ၏ ကြေညာချက်တွင် ဖော်ပြလိုက်သည်။

ထို့ပြင် နိုင်ငံတကာဥပဒေနှင့် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းလည်း ဖြစ်သည်ဟု ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေဆင်ဟွာ

✻ *ကျော်ဖုံးမှ*

အချိန်နှင့် တစ်ပြေးညီ ပြောင်းလဲနေသော နည်းပညာများ လေ့လာနိုင်မည့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သတင်းနှင့် နည်းပညာပြပွဲ ၂၀၀၈ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၃၁ ရက် **(ယနေ့)** တွင် ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ယင်းပြပွဲကို နိုဝင်ဘာ ၂ ရက် အထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

လှလှပပ ပေါ့ပေါ့ပါးပါး သယ်ဆောင်သွားနိုင်မည့် Notebook ကွန်ပျူတာ၏ သပ်ရပ်မှု။ (မြန်မာ့အလင်း)

ထိုးဖောက်

ကွန်ပျူတာ နည်းပညာ လေ့လာလိုက်စားနေသော လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများအား နောက်ဆုံးပေါ် ကွန်ပျူတာများနှင့်ဆက်စပ်ပစ္စည်းများ အသုံးဝင်မှုနှင့် ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်လာခြင်းများနှင့် စပ်လျဉ်း၍ တင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က သက်ဆိုင်ရာ ကွန်ပျူတာစင်တာများသို့ သွားရောက်ကာ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အရောင်းစင်တာ

ရှေးဦးစွာ NEC အမှတ်တံဆိပ် ကွန်ပျူတာများ တစ်နိုင်ငံလုံးသို့ မြန်မာနိုင်ငံမှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးပေးနေသော ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်ရှိ KMD အရောင်းစင်တာသို့ ရောက်ရှိခဲ့ပါသည်။

"ကျွန်မတို့ KMD အရောင်းစင်တာမှ ဒီနည်းပညာပြပွဲကြီးမှာ NEC အမှတ်တံဆိပ်ပါ Notebook တွေ၊ Desktop တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းပေးသွားမှာ ဖြစ်ပါတယ်၊ ဒီပြပွဲမှာ ထူးခြားတဲ့ NEC brand ကတော့ All in One PC မော်နီတာပဲ ဖြစ်ပါတယ်၊ ဒီကွန်ပျူတာ အမျိုးအစားဟာ ဧည့်ခန်းမှာ ထားသုံးနိုင်ပါတယ်၊ ဒီကွန်ပျူတာရဲ့ ထူးခြားချက်ကတော့ ပါဝါကြိုးတစ်ချောင်းသာ ကွန်ပျူတာနဲ့ ချိတ်ဆက်ထားပြီး သုံးနိုင်ပါတယ်၊ ကီးဘုတ်နဲ့ မောက်စ်မပါဘဲ သုံးနိုင်ပါတယ်၊ NEC Notebook ကွန်ပျူတာ စကရင် အရွယ်အစားကတော့ ၁၃လက်မ၊ ၁၄လက်မ၊ ၁၅လက်မနဲ့ ၁၇လက်မဆိုပြီး ထုတ်လုပ်နေပါတယ်၊ စကရင် (Scren) အရွယ်အစား ၁၂ ကတော့ ထူးခြားပါတယ်။ အမြင့်တစ်နေရာမှ ပြုတ်ကျလို့ပဲဖြစ်ဖြစ်၊ မတော်တဆ ဖိမိနင်းမိလို့ပဲဖြစ်ဖြစ် ပျက်စီးခြင်းလုံးဝ မရှိပါဘူး၊ ဒီကွန်ပျူတာ အမျိုးအစားကတော့ S9 100 မော်ဒယ် ဖြစ်ပါတယ်" ဟု KMD ကွန်ပျူတာ အရောင်းဒါရိုက်တာ မသင်းသင်းစိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

အပါးလွှာဆုံး နုတ်ဘွတ်

ပြပွဲတွင် ASUS အမှတ် တံဆိပ်ပါ ကမ္ဘာ့ အပါးလွှာဆုံး Notebook ကွန် ပျူ တာ ကို လေ့လာကြည့်ရှုနိုင်ကြမည်။

(မြန်မာ့အလင်း)

လက်ဆောင်

"ဒါ့အပြင် ကျွန်မတို့ KMD အနေဖြင့် လက်ဖွေအသုံးပြုပြီး ဖွင့်နိုင်တဲ့ NEC Notebook ကွန်ပျူတာကိုလည်း ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး၊ KMD အမှတ်တံဆိပ်ပါ PC နဲ့ ဆက်စပ်ပစ္စည်း Micro Lab စပီကာ၊ ပရင်တာ၊ power tree ups ၊ ဆိုနီအမှတ်တံဆိပ်ပါ Optical driveများ အထူးလျှော့ ဈေးနဲ့ပေးမှာဖြစ်တဲ့အပြင် အများဆုံး ဝယ်ယူသူတွေကို လက်ဆောင်ပစ္စည်းများလည်း ပေးသွားမှာ ဖြစ်ပါတယ်"ဟု မသင်းသင်းစိုးက ဆက်လက်ပြောကြားသည်။

ပါဝါကြိုးတစ်ချောင်းသာ ကွန်ပျူတာနဲ့ ချိတ်ဆက်ထားသော All in One ကွန်ပျူတာကိုလည်း လေ့လာနိုင်ကြမည်။ (မြန်မာ့အလင်း)

ခံနိုင်ရည်

NEC Notebook ကွန်ပျူတာများသည် မဂ္ဂဆီယံအလွှိုင်းဖြင့် ဖုံးအုပ်ထားခြင်းကြောင့် ချွေးစားခြင်းကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

ကွန်ပျူတာများ

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် လမ်းမတော်မြို့နယ် ၁၃လမ်း အမှတ်(၄)ရှိ ASUS အမှတ်တံဆိပ်ပါ ကွန်ပျူတာများ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချပေးနေသော Goldren Power Technology ကုမ္ပဏီမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ဒီနည်းပညာပြပွဲမှာ intel ရဲ့ နောက်ဆုံးပေါ် အဆင့်မြင့်ဆုံး i 7 processor များ တပ်ဆင် အသုံးပြုနိုင်တဲ့ ASUS Mother board မော်ဒယ်သစ်နှစ်မျိုးဖြစ်တဲ့ ASUS P 6 T Deluxe OC Palm နဲ့ ASUS P 6 T Deluxe တို့ကို ပြသသွားမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ဒီပြပွဲမှာ ကမ္ဘာ့ပထမဆုံး အပါးလွှာဆုံးနဲ့ သားရေနဲ့ ချုပ်လုပ်ထားတဲ့ LCD Monitor LS 221 H ကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်၊ ဒီပြပွဲမှာ ကမ္ဘာ့အသေးဆုံး PC ကွန်ပျူတာကိုလည်း ပြသမှာ ဖြစ်ပါတယ်၊ ဒီ အသေးဆုံး PC ကွန်ပျူတာလေးဟာ ပါဝါသုံးစွဲမှု ဝပ် ၂၀ သာရှိပြီး စားပွဲတင် ကွန်ပျူတာ၊ အင်တာနက်၊ စာစီစာရိုက်၊ ရုံးသုံး၊ ပညာရေး အထောက်အကူပြု စွယ်စုံ သုံးနိုင်ပါတယ်" ဟု Goldren Power Technology ကုမ္ပဏီ အထွေထွေမန်နေဂျာ ကိုထွန်းထွန်းအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြိုင်ကားဝိဉာဉ်

"ကျွန်တော်တို့ ဒီပြပွဲမှာ dual 3D Card၊ dual Screen ၊ dual HDD ဖြင့် တည်ဆောက်ထားတဲ့ desktop gaming PC တစ်လုံးနဲ့ အားပြိုင်နိုင်တဲ့ ASUS G 70 gaming Notebook၊ ပြိုင်ကားတစ်စီးရဲ့ဝိဉာဉ် ထည့်သွင်းထားတဲ့ ASUS Vento ပြိုင်ကား၊ ပြိုင်ကား တစ်စီးလို စတီယာရင်၊လီဗာ၊ ကလပ်၊ဘရိတ်နဲ့ မောင်းနိုင်တဲ့ အဆင့်မြင့်နည်းပညာသုံး ပြိုင်ကားတို့ကိုလည်း ခင်းကျင်းပြသမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် Notebook တွေ၊ Eeebox တွေ၊ Eee Pc တွေ၊ Mother board ၊ Graphic Card ၊ Optical Drive ၊ Casing ၊ LCD မော်နီတာ၊ TV Tunner နဲ့ Power Supply တို့ကိုလည်း ခင်းကျင်းပြသ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ ဝယ်ယူအားပေးကြသူများအား ၁၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းပေးသွားမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ပြိုင်ပွဲကျင်းပရာ တပ်မတော်ခန်းမရှေ့ မြက်ခင်းပြင်မှာ အောက်တိုဘာ ၃၁ ရက်ကစပြီး နာမည်ကြီး လူရွှင်တော်အရိုင်းနဲ့အတူ နည်းပညာမေးခွန်းများ မေးကြဖြေကြရင်း စိတ်ဝင်စားဖွယ် လက်ဆောင်များ ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကိုထွန်းထွန်းအောင်က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့အသေးဆုံးPCကွန်ပျူတာ။

(မြန်မာ့အလင်း)

လေ့လာနိုင်

သို့ဖြစ်ရာ ကွန်ပျူတာ နည်းပညာ လေ့လာလိုက်စားနေကြသော လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် သတင်းနှင့် နည်းပညာပြပွဲ ၂၀၀၈ သည် နောက်ဆုံးပေါ် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ နည်းပညာများ လေ့လာနိုင်သည့် အချိန်ကောင်း အခါကောင်းတစ်ရပ် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



အမျိုးအစားသစ်

ကွန်ပျူတာ တစ်လုံးတွင် အရေးပါသည့် Mother board အမျိုးအစားသစ် P 6 T Deluxe ။

(မြန်မာ့အလင်း)

ရေကြည် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်း ရေကြည် အထက ၁၉၅၃-၂၀၀၈ခုနှစ်တွင် ပညာသင်ကြားပို့ချပေးကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား နိုဝင်ဘာ၂၂ရက် (အမျိုးသားနေ့) (စနေနေ့) နံနက် ၁၀ နာရီတွင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက ရေကြည်ရှိ တေဇာသီရိခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံပေးပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးသက်နိုင် ဖုန်း-၀၉-၈၆-၁၀၃၈၂၊ ဦးငွေနိုင်ဝင်း ဖုန်း-၀၉-၅၀-၆၂၆၆၆၊ ၀၁-၅၀၀၁၂၃၊ ဦးကိုကိုလွင် ဖုန်း-၀၉-၅၁-၆၀၆၆၂၊ ၀၁-၂၉၀၄၇၃၊ဦးမျိုးညွန့် ဖုန်း-၀၉-၈၅- ၈၃၀၀၈၊ ၀၄၆-၅၂၀၄၂၊ ဦးအေးနိုင် (ပေါက်ပေါက်) ဖုန်း-၀၄၆-၅၂၁၃၅၊ ဦးကျော်စွာ ဖုန်း-၀၄၆-၅၂၃၄၃၊ ဆရာဦးမောင်ကျော် ဖုန်း-၀၄၆-၅၂၃၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

✻ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✻ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။

✻ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့ အပြားမိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၃၀

အောက်တိုဘာ ၂၉ ရက်က ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့၍ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများရှိခဲ့ပြီး လူနေအိမ် ၁၅၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

အောက်တိုဘာ ၃၀ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့သည်။ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

အောက်တိုဘာ၃၁ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့ အပြား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

အောက်တိုဘာ၃၁ရက် **(ယနေ့)**နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အောက်တိုဘာ ၃၀ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(လယ်ဝေး)	၁ဒသမ	၀၂ လက်မ
နေပြည်တော်(သပြေကုန်း)	၀ဒသမ	၅၁ လက်မ
နေပြည်တော်(တပ်ကုန်း)	၀ဒသမ	၅၁ လက်မ
ခရမ်း	၄ဒသမ	၀၂ လက်မ
သိမ်ဇရပ်	၃ ဒသမ	၅၄ လက်မ
ကျိုက္ခမီ	၃ ဒသမ	၃၅ လက်မ
မိတ္ထီလာ	၁ဒသမ	၆၅ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် ၁၈ နာရီ ၀၉ မိနစ် စက္ကန့်၂၀အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၀၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ပါကစ္စတန်နိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရအားကစားသမားများဂုဏ်ပြု

ရန်ကုန် အောက်တိုဘာ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၂၈ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ဝန်ကြီးနှင့် ဌာနအကြီးအကဲများက အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အောင်ပွဲရအားကစားသမားများ ကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆုတံဆိပ်

သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပ အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ် ၁၅ခု ရရှိခဲ့ပြီး ပြည်တွင်းပြိုင်ပွဲများ၌ ရွှေတံဆိပ် ၄၇ခု၊ ငွေတံဆိပ် ၄၂ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်း ဆုတံဆိပ် ၁၆၆ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆု

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အောင်ပွဲရ အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သစ်တော)

ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ရေးစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၂၄ရက်တွင် ခန္တီးမြို့ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာမှူး ဦးဝင်းလွင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

စက်သုံးဆီအချိန်အတွယ် ပြည့်ဝမှန်ကန်ရေးအလေးထားဆောင်ရွက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီ အရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် ဆိုင်အမှတ် (၀၆၁၂)၊ (၀၆၀၁)နှင့် (၀၆၁၁) အရောင်းဆိုင်များသို့ ရောက်ရှိစစ်ဆေးသည်။

အလေးထား

ဝန်ကြီးက စက်သုံးဆီအချိန်အတွယ် ပြည့်ဝမှန်ကန်ရေး၊ မီးဘေးအန္တရာယ် ဂရုပြုရေးနှင့် ပြည်သူများနှင့် ပြေပြစ်စွာ ဆက်ဆံရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ်ပိုင်ရှင်များအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ နှင့်အတူ မန္တလေးမြို့ ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့်သို့ရောက်ရှိကာ စက်သုံးဆီများ သိုလှောင်ဖြန့်ဖြူးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်သုံးဆီ လက်ကျန်ကို သတ်မှတ်ထားသော အရေအတွက်အတိုင်း အမြဲပြည့်မီ စေရေး၊ စက်သုံးဆီများ ဖြန့်ဖြူးပေးရာတွင် အချိန်အတွယ် တိကျ မှန်ကန်စေရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကို မှာကြား သည်။ ထို့နောက် ဝန်ကြီးသည် စက်သုံးဆီများကို ဖြန့်ဖြူးပေးလျက် ရှိသော ဆီတင်ယာဉ်များ၏အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်းလုပ်ငန်းဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယ ဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ အောက်တိုဘာ၂၅ရက် နံနက်ပိုင်းတွင် ပျော်ဘွယ် မြို့နယ် လင့်စင်ကုန်းကျေးရွာရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူနှင့် စီမံကိန်း ဒါရိုက်တာ ဦးကျော်ဝေတို့က ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်း ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို သတ်မှတ် ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားပါက နေပြည်တော်-ရွှေညောင်နှင့် နေပြည်တော်မှ လွိုင်ကော် မြို့များသို့ သွားလာနိုင်မည်ဖြစ်၍ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားရေး မှာကြား သည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဘုရားငါးဆူ ဘူတာသို့ရောက်ရှိပြီး ခရီး သည် နားနေဆောင်နှင့် ဘူတာယာဒ်ဝင်း တိုးချဲ့ ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် အောင်ပန်း ဘူတာသို့ ရောက်ရှိပြီး လူစီးရထားများ ပြေးဆွဲနေမှုအခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

❒ *ကျော်ဖုံးမှ*

သုဝဏ္ဏ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ မွန်းလွဲ ၂နာရီမှ စတင်ကာ ထိုးသတ်ကြမည်ဖြစ်ပြီး ဝင်ကြေးမှာ အထူးတန်း ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ရိုးရိုးတန်းလက်မှတ်အတွက် ကျပ် ၇၀၀၀ သတ်မှတ်ထားသည်။

ဖိချိုချိုင်း

မြန်မာ့ရိုးရာ လက်ဝှေ့အကျော်အမော် စောငမန်းနှင့် ထိုင်းဝေါဖစ်ပွန်ကလပ်မှ ဖိချိုချိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြ မည်ဖြစ်သည်။ ထိုင်းလက်ဝှေ့သမား ဖိချိုချိုင်းသည် အသက် ၁၈နှစ်သာရှိသေးသည်။ ၎င်းသည် ၄၅ ပွဲ ထိုးသတ် ယှဉ်ပြိုင် ခဲ့ရာတွင် နိုင်ပွဲ ၄၀၊ ရှုံးပွဲ လေးပွဲရှိပြီး သရေတစ်ပွဲသာရှိခဲ့ သည်။ ဖိချိုချိုင်းသည် ၂၀၀၆ခုနှစ်က ရာဂျာဒန်နမ် မွေထိုင်း ပြိုင်ပွဲတွင် ရွှေခါးပတ်ချန်ပီယံဆု ဆွတ်ခူးထားသူ ဖြစ်သည်။

ထိုင်းမွေ

မြန်မာ့လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်နှင့် ထိုးသတ်မည့် ထိုင်းမွေထိုင်းလက်ဝှေ့သမားတစ်ဦးမှာ အသက် ၂၆နှစ်ရှိ ပါဝိဆိုသူဖြစ်သည်။ ပါဝိသည် မဲဆောက်ရှိ ထပ်ထင် ထောင် လက်ဝှေ့ကလပ်မှ ဖြစ်သည်။ ၎င်း၏ ပွဲမှတ်တမ်းမှာ ၃၅ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲ ၂၀နိုင်၊ ၁၀ပွဲရှုံးပြီး ငါးပွဲ သရေကျ ခဲ့သည်။ ပါဝိသည် ၂၀၀၇-၂၀၀၈ခုနှစ်အတွက် ၆၁ ကီလို တန်းတွင် ကမ္ဘာ့မွေထိုင်း ရွှေခါးပတ်ချန်ပီယံဆုကို ဆွတ်ခူး ထားသည်။

ထိုင်းမွေထိုင်း လက်ဝှေ့သမား ထွန်းထောင်။
(မြန်မာ့အလင်း)

လုံးချော

တစ်ဖန် မြန်မာ့ရွှေခါးပတ် ချန်ပီယံဆု နှစ်ဆုရ လုံးချောနှင့် ထိုးသတ်မည့် ထိုင်းလက်ဝှေ့သမားတစ်ဦးမှာ ထွန်းထောင်း ဆိုသူဖြစ်သည်။ အသက် ၂၅နှစ်ရှိ ထွန်းထောင်သည် ပွဲပေါင်း၆၀ ထိုးသတ်ခဲ့ရာတွင် နိုင်ပွဲ ၄၀၊ ရှုံးပွဲ ၁၇ပွဲရှိပြီး သရေ သုံးပွဲသာ



ထိုင်းလက်ဝှေ့သမား ပါဝိနှင့် ထိုးသတ်မည့် မြန်မာ့ လက်ဝှေ့ကျော် တွေ့မရှောင်အား ၂၀၀၇ခုနှစ် ချန်ပီယံဆုနှင့် အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရှိခဲ့သည်။ ထွန်းထောင်သည် ၂၀၀၈ခုနှစ်အတွက် ထိုင်းနိုင်ငံလုံး ဆိုင်ရာ မွေထိုင်းရွှေတံဆိပ်ကို ဆွတ်ခူးရရှိထားသည်။

ဝင်းထွန်း

ရွှေခါးပတ် ချန်ပီယံဆု သုံးကြိမ်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ဝင်းထွန်းနှင့် ထိုးသတ်မည့် ထိုင်းလက်ဝှေ့ကျော်တစ်ဦးမှာ လာချီလိတ်ဆိုသူဖြစ်သည်။ ထိုင်းလက်ဝှေ့သမား လာချီလိတ်သည် အသက် ၂၅နှစ်သာရှိသေးသည်။

ဆွတ်ခူး

၎င်းသည် ချုံပလီ လက်ဝှေ့ကလပ်မှဖြစ်ပြီး ပွဲပေါင်း ၇၅ပွဲ ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာတွင် ၅၈ပွဲနိုင်၊ ၁၂ ပွဲရှုံးပြီး ငါးပွဲ သရေကျခဲ့သည်။ လာချီလိတ်သည် ၂၀၀၅ခုနှစ်က လုမ္ဗဏီ ရွှေခါးပတ်ချန်ပီယံဆုကိုလည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ထိုင်း နိုင်ငံလုံးဆိုင်ရာ မွေထိုင်းရွှေခါးပတ် ချန်ပီယံဆုကိုလည်းကောင်း ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

အနားတောင်းခွင့်

အဆိုပါ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးသည် ငါးချီစီ ထိုးသတ်ကြမည်ဖြစ်ပြီး ငါးချီအတွင်း အလဲထိုးနိုင်ခြင်း မရှိပါက သရေပွဲအဖြစ် သတ်မှတ်မည်ဖြစ်သည်။ ယင်းငါးချီ စိန်ခေါ်ပွဲအတွင်း နှစ်မိနစ် တစ်ကြိမ်သာ အနားတောင်းခွင့်ရှိမည် ဖြစ်ကြောင်း သိရသည်။

စခန်းသွင်းလေ့ကျင့်

မြန်မာ့မြေပေါ်တွင် ထိုင်းမွေထိုင်း လက်ဝှေ့သမားများ အား ထိုးသတ် အနိုင်ယူနိုင်ရေးအတွက် မြန်မာ့လက်ဝှေ့သမား များအနေဖြင့် စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်လျက် ရှိပါကြောင်း။ ။ **(မြန်မာ့အလင်း)**



မကွေးတိုင်း စေတုတ္တရာမြို့နယ် ဖူးရှာနှင့် အထက်ဖူးရှာ ရေလှောင်တမံ စီမံကိန်းများမှ ရေအား လျှပ်စစ်ထုတ်လုပ်ပေးမည့် မုန်းချောင်းရေအလျဉ်စီးဆင်းနေသည်ကို သဘာဝတောတောင် ပသာဒအလှဖြင့် ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

ရေအားလျော့သွားခြင်းမရှိခြင်းကြောင့် ရေလှောင်တမံစီမံကိန်းများ ထပ်မံရေးဆွဲဆောင်ရွက်လျက်ရှိသည်။ မုန်းချောင်းပေါ်ရှိ ရေလှောင်တမံ စီမံကိန်းများမှာ အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်း၊ ဖူးရှာ ရေလှောင်တမံစီမံကိန်း၊ မုန်းချောင်းရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းများဖြစ်ကြသည်။

စတင်တည်ဆောက်

မုန်းချောင်းရေလှောင်တမံ စီမံကိန်းကို၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီး ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို၂၀၀၂-၂၀၀၃ခုနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။ ဖူးရှာရေလှောင်တမံစီမံကိန်းကို ၂၀၀၃-၂၀၀၄ မှ စတင်ဆောင်ရွက်လျက်ရှိပြီး အထက်ဖူးရှာရေလှောင်တမံစီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသည်။

မြန်မာ့အလင်းအဖွဲ့သည် မုန်းချောင်းပေါ်မှ ရေလှောင်တမံစီမံကိန်းဖြစ်သော အထက်ဖူးရှာရေလှောင်တမံစီမံကိန်းနှင့် ဖူးရှာရေလှောင်တမံစီမံကိန်းသို့ ကွင်းဆင်းသွားရောက်၍ လေ့လာခဲ့သည်။ အထက်ဖူးရှာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းမှ ၂၅မိုင်ခန့်အကွာ သူကောင်းကျင်းရွာအနီးတွင် တည်ရှိသည်။

အထောက်အကူပြု

အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်းသည် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်စွမ်းအား ၅၃၄ကီလိုဝပ်နာရီသန်းပေါင်းထုတ်လုပ်နိုင်မည်ဖြစ်သည်။ ရေလှောင်တမံဆောက်လုပ်ပြီးပါက ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းအားဖြင့် ဖူးရှာရေလှောင်တမံသို့ ထုတ်လုပ်ရေဖြင့် မိုးရာနွေပါ ဝင်ရေဖြည့်သွင်းပေးနိုင်ပြီး လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား

အထက်ဖူးရှာရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းတာဝန်ယူကြီးကြပ်ဆောင်ရွက်နေသော တည်ဆောက်ရေး(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် "အထက်ဖူးရှာရေလှောင်တမံကို တည်ဆောက်ခြင်းအားဖြင့် မုန်းချောင်း၏ ရေစီးရေလာ ရာနှုန်းပြည့်နီးပါး ထိန်းသိမ်းသိုလှောင်ကာလျှပ်စစ်ဓာတ်အားကိုလည်း မဂ္ဂါဝပ်၁၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထက်ဖူးရှာရေလှောင်တမံမှလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေဖြင့် ဖူးရှာရေလှောင်တမံသို့ ဖြည့်တင်းပေးခြင်းအားဖြင့် တပ်ဆင်လျှပ်စစ်စွမ်းအားကိုတိုးမြှင့်မည်ဖြစ်ကြောင်း၊ ထိုနည်းတူ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့၏ လျှပ်စစ်တပ်ဆင်စွမ်းအားကိုလည်း ထုတ်လုပ်မှုစွမ်းအားအနေဖြင့် မြှင့်တင်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းပင် အထက်ဖူးရှာတမံမှ အောက်ဆုံးရှိ ကြီးအုံကြီးဝ ထုတ်လုပ်ရေဖြင့် စိုက်ပျိုးရေးကို မိုးရာနွေပါ အထောက်အကူပြုသွားမည်ဖြစ်ကြောင်းနှင့် မုန်းချောင်းတစ်ခုလုံးအနေဖြင့် ထုတ်လုပ်နိုင်မည့် လျှပ်စစ်စွမ်းအားပမာဏ ၃၄၁ ကီလိုဝပ်အထိ တိုးမြှင့်လာမည်ဖြစ်ပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့သည်။

စတင်အကောင်အထည်ဖော်

၄င်းနောက် သတင်းအဖွဲ့သည် စေတုတ္တရာမြို့၏ မြောက်ဘက် ၁၅မိုင်ခန့်အကွာ၊ မုန်းချောင်းရေလှောင်တမံမှ ၁၃မိုင်အကွာ ဖူးရှာအနီးတွင်ရှိသော ဖူးရှာရေလှောင်တမံသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဖူးရှာ ရေလှောင်တမံ စီမံကိန်းနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွန်းက ရှင်းလင်းပြရာတွင် "ဖူးရှာရေလှောင်တမံစီမံကိန်းသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့သည် ၂၀၀၄ခုနှစ် မေလ ၅ရက်က လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း၊ မူလရွေးချယ်သော နေရာထက်ပိုမိုသင့်တော်သည့် နေရာကို ထပ်မံ ရွေးချယ်ရန် မှာကြားချက်အရ မူလရွေးချယ်ပြီးနေရာ၏အထက်ဘက် ပေ၄၈၀၀ခန့်အကွာ မုန်းချောင်းပေါ်တွင် ရွေးချယ်တင်ပြခဲ့ရာ သဘောတူသဖြင့်၁၇-၅-၂၀၀၅ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

တိုးချဲ့ထုတ်လုပ်မည်

ဖူးရှာရေလှောင်တမံ စီမံကိန်းသည် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၈၅ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ ဖူးရှာရေလှောင်တမံ တည်ဆောက်ပြီးစီးပါက မုန်းချောင်းရေလှောင်တမံ စီမံကိန်းမှ မူလနှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ခန့် ထပ်မံ တိုးချဲ့ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဖူးရှာရေလှောင်တမံတည်ဆောက်ပြီးစီးပါက ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းမှမူလနှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း၁၂၀ခန့်တိုးချဲ့ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း" ဖြင့် ရှင်းပြသည်။

အထက်ဖူးရှာ ရေလှောင်တမံ စီမံကိန်းအရ တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၄၅၁ ပေ၊ အလျားပေ ၃၃၀၀ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧက ၁၄၅၉၄၀၀ ရှိသည်။ ကန်ရေသေရေလှောင်ပမာဏသည် ဧက၁၇၄၅၃၀ရှိမည်ဖြစ်သည်။

ရေလှောင်ပမာဏ

ဖူးရှာရေလှောင်တမံ စီမံကိန်းအရ တမံမှာ မြေသားတမံ (ဇုန်အမျိုးအစား) ဖြစ်ပြီး တမံအမြင့် ၁၅၁ပေ၊ အလျားပေ၃၂၀၀ ဖြစ်သည်။ ကန်ရေသေရေလှောင်ပမာဏမှာ ၃၇၂၉၈ဧကပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏသည် ၁၆၉၄၄၆ ရှိမည်ဖြစ်သည်။

အကုန်အကျခံ

အထက်ဖူးရှာ ရေလှောင်တမံစီမံကိန်းကို စီမံကိန်းခန့်မှန်း ကုန်ကျငွေကျပ် ၁၂၄၈၂၆ဒသမ၂၂သန်းဖြင့် လည်းကောင်း၊ ဖူးရှာရေလှောင်တမံစီမံကိန်းကို စီမံကိန်းခန့်မှန်းကုန်ကျ ငွေကျပ် ၃၉၇၁၂ ဒသမ ၉၅ သန်း အကုန်အကျခံ တည်ဆောက်မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖူးရှာရေလှောင်တမံစီမံကိန်းတွင် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများ ဤသို့ဆောင်ရွက်နေသည်။ (မြန်မာ့အလင်း)

ထွန်းဖောင်ဒေးရှင်းပြပွဲ ပန်းချီကားလက်ခံရက်တိုးမြှင့်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ပါဝင်ကူညီမည့် Tun Foundation Bank Best Painting of the Year-2008 ပန်းချီ ပြိုင်ပွဲပြပွဲကို ၂၀၀၈ ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပညာရှင်တစ်ဦးလျှင် ၃ပေ×၄ပေအောက် မငယ်၊ ၄ပေ×၆ပေထက် မကြီးသည့် ပန်းချီကား နှစ်ကားနှုန်း ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်း ကြေညာထားပြီးသည်။

ထုတ်ပြန်ထား

အဆိုပါ ပန်းချီကားများအတွက် ဓာတ်ပုံနှစ်ပုံ သို့မဟုတ် စီဒီကို ၃၁/၆၁ ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရုံးသို့ ပန်းချီပညာရှင်များ ပေးပို့လျက်ရှိရာ ပန်းချီပညာရှင်များ၏ဆန္ဒအရ ပေးပို့ရမည့်ရက်ကို အောက်တိုဘာ ၃၁ရက်အစား နိုဝင်ဘာ ၁၅ရက်အထိ ထပ်မံရက်တိုးမြှင့် လက်ခံသွားမည်ဖြစ်ကြောင်း ပြပွဲဖြစ်မြောက်ရေးကော်မတီက ထုတ်ပြန်ထားသည်။

(ရိုးရာပန်းပညာရှင်များအစည်းအရုံး)

မန္တလေး (GTI) ရွှေရတုနှစ်ပတ်လည် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မန္တလေး GTI တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မန္တလေးမြို့ ၆၈ လမ်း၊ ၃၁ လမ်းနှင့် ၃၂လမ်းကြားရှိကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး စုံညီစွာတက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ဦးစိုးဝင်းသန့် ဖုန်း-၀၆၇-၄၁၄၁၄၁၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀-၀၅၂၅၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၁၂၉၈၇၊ ဒေါ်တင်မမ ဖုန်း-၀၉-၅၁-၅၆၁၂၈၊ ဦးတိုးဝင်း ဖုန်း-၀၂-၆၂၃၇၈၊ ဦးမောင်မောင် ဖုန်း-၀၂-၃၁၈၃၆၊ ဦးရန်လင်းဦး ဖုန်း-၀၉-၅၁-၃၂၇၉၈၊ ဗိုလ်ကြီးမြင့်ဦး ဖုန်း-၀၂-၇၃၆၁၀၊ ဦးခင်မောင်တင့် (မုံရွာ) ဖုန်း- ၀၉-၂၁-၃၀၇၀၉၊ ဦးအေးမြင့် ဖုန်း-၀၇၁-၂၂၆၇၉၊ ဦးစန်းဝေ(ရွှေဘို) ဖုန်း- ၀၉-၂၁-၀၀၄၃၄၊ ဦးလှမြင့် (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀-၄၄၈၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

စပိန်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ အနည်းဆုံး ၁၅ဦးသေဆုံးခဲ့

မက်ဒရစ် အောက်တိုဘာ ၃၀

စပိန်နိုင်ငံမြောက်ပိုင်း ပမ်ပလိုယာမြို့ရှိ တက္ကသိုလ်တစ်ခု၌ အောက်တိုဘာ ၃၀ရက်က ကားဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၅ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုသည် နာဗာရာတက္ကသိုလ်၌ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၀မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ဝန်းကျင်ရှိ မော်တော်ကားအချို့ ပျက်စီးသွားကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

အကြမ်းဖက်စစ်ပွဲ အမေရိကန်ကျူးလွန်နေ ဆီးရီးယားပြည်သူများ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဒမတ်စကတ် အောက်တိုဘာ ၃၀

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ အောက်တိုဘာ ၃၀ရက်က ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်တို့က ကျူးကျော်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ဆီးရီးယားနိုင်ငံသားရှစ်ဦး သေဆုံးခဲ့ခြင်းကို အကြောင်းပြု၍ ထောင်ပေါင်းများစွာသော ဆီးရီးယားပြည်သူများ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ (အောက်ပုံ)

ချီတက်ဆန္ဒပြ

ဆန္ဒပြသူများသည် ဒမတ်စကတ်မြို့တော်ရှိ လမ်းများတစ်လျှောက် ဆီးရီးယားအလံများ ဝှေ့ယမ်း၍ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများသည် အမေရိကန် အကြမ်းဖက်သမား၊ စစ်နှင့် အဖျက်လုပ်ရပ်များ အမေရိကန်

လုပ်ဆောင်နေ ဟူသော ကြွေးကြော်သံ များဖြင့် စာတန်းများ ကိုင်ဆောင် ချီတက်ဆန္ဒပြခဲ့ကြသည်။

ချီတက်ဆန္ဒပြ

အဆိုပါ ဆန္ဒပြသူများတွင် အရပ်သားများ အများအပြား ပါဝင်ပြီး မြို့လယ်သို့ ချီတက်ကာ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

(အင်တာနက်)

အိန္ဒိယအရှေ့မြောက်ပိုင်း၌ ဗုံးများဆက်တိုက်ပေါက်ကွဲ ၆၁ ဦး သေဆုံး၊ အများအပြား ဒဏ်ရာရရှိ

အက်ဆမ် အောက်တိုဘာ ၃၀

အိန္ဒိယနိုင်ငံ အက်ဆမ်ပြည်နယ် အရှေ့မြောက်ပိုင်း၌ အောက်တိုဘာ ၃၀ ရက်က ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး၆၁ဦးသေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။**(ဝဲပုံ)**

အဆိုပါပြည်နယ်၏ မြို့တော် ဂူဝါဟာတီ၌ ဗုံးပေါက်ကွဲမှု ၁၈ ကြိမ် အနည်းဆုံးဖြစ်ပွားခဲ့ရာတွင် အခြား ၁၆၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြသည်။

အဆိုပါဗုံးများသည် ယင်းပြည်နယ်အတွင်းရှိ ဂူဝါဟာတီ၊ ကိုခရာဟာ၊ ဘာပီတာနှင့် ဘွန်ရိုင်ဂါယွန်မြို့များ၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တစ်နာရီအတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရားသူကြီးချုပ် ဦးအောင်တိုး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေ့နေချုပ်ဦးအေးမောင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ဦးချမ်းသာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်လိန်းမောင်းပန်နှင့် ဒေါ်ကေခိုင်ဆွေတို့ကဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

ဇာတ်သဘင်ပြိုင်ပွဲဆု

ထို့နောက် အတွင်းရေးမှူး(၁)သည် မဟာဗုဒ္ဓဝင်တောထွက်ခန်း ရုပ်သေးပြိုင်ပွဲ၊ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲ၊ ဘူရိဒတ်ဇာတ်တော်ကြီး ဇာတ်သဘင်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က အဆိုပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က အကပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကွက်စိပ်ပြိုင်ပွဲနှင့် ရုပ်သေးသူငယ်တော်အကပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အရေးပြိုင်ပွဲဆု

ယင်းနောက် တရားသူကြီးချုပ် ဦးအောင်တိုးက အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်နှင့် တတိယဆုရ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲ၌ ပထမဆုရပဲခူးတိုင်းမှ ဦးခင်

ရှေ့နေချုပ်ဦးအေးမောင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မခင်မိုးဟိန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မောင်ဇော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးမြင့်ဆွေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှဦးသန်းဝင်း၊ အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှမောင်ထျန်လျန်ကပ်၊ ဒုတိယဆုရ ကယားပြည်နယ်မှမချောစုနှင့် တတိယဆုရ မွန်ပြည်နယ်မှ မနန်းသီဂီဝင်းတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၌ ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း ပြိုင်ပွဲဝင်ရေးသားသည့် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

အတီးပြိုင်ပွဲဆု

ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးချမ်းသာနှင့် ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးသော်ဇင်ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမျိုးသန့်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်နေလင်းကျော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်ကိုကိုနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သူရ၊ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ၂၀) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ၁၅နှစ်)အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်(ခ)ရှာလို၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ပြည့်သော်တာအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကြည်ဝင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ ဒေါ်လွင်မာသိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်နန္ဒာအေး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်အေးမွန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဝင်းသီဂီကျော်၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှမရတနာဌေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှမအိအိမွန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရူပါဌေး၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှမနန်းသီရိခင်ခင်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မအေးစုကျော်၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ၁၅နှစ်)အမျိုးသမီးစောင်းအတီးပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး၊ ဒုတိယဆုရဧရာဝတီတိုင်းမှ မခိုင်ဇာမွန်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှမခြူးသဥ္ဇာသိမ့်၊ အခြေခံပညာအဆင့် (အသက်၅နှစ်မှ၁၀နှစ်) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မမြကေသွယ်ဂျေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခ)ကြာလေးစိန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မစုရတနာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှဦးကောင်းသန့်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးခင်ရီ(ခ)စိန်ကျော်သင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးခိုင်မျိုးကျော်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမင်းကို၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ) မျိုးဇော်အောင်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ၂၀) အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရမန္တလေးတိုင်းမှမောင်ကြည်သာဗိုလ်၊ ဒုတိယဆုရ မကွေးတိုင်းမှ မောင်အောင်ကိုကိုနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ၁၅နှစ်) အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ပထမဆုရတနင်္သာရီတိုင်းမှမောင်ဇော်တင့်လင်း၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မောင်ခန့်လင်း၊ အခြေခံပညာအဆင့်(အသက်၅နှစ်မှ၁၀နှစ်)အမျိုးသားပတ္တလားအတီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှမောင်ရဲသူနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ခန့်စည်ဟိန်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ပထမဆုရရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့်တတိယဆုရရန်ကုန်တိုင်းမှ ပေါက်ကျော်မ၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်းမှမဝမ်းကေဇင်၊ဒုတိယဆုရမန္တလေးတိုင်းမှ မနန္ဒာလင်းနှင့်တတိယဆုရဧရာဝတီတိုင်းမှမြန်မာပြည်စိမ်း၊အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မစိမ်းမိုး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူနှင့်တတိယဆုရ ရန်ကုန်တိုင်းမှမအေးစုမာ၊ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ၂၀) အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲ၌ပထမဆုရ မန္တလေးတိုင်းမှ မရတနာဦး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရတနာလင်း၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဗိုဗိုဟန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့် တတိယဆုရ ပဲခူးတိုင်းမှမဇင်မာဖြိုး၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ၁၀နှစ်) အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဝါဝါဝင်းရွှေလှိုင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မဌေးယုအောင်(ခ)ရွှေရည်စန်းလွင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မရွှန်းလဲ့ဝေ တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးစိုးသိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးအောင်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆု ရရှိကြသည့် မန္တလေးတိုင်းမှ မောင်သန့်ဇင်ထွေးနှင့် ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ တတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မောင်နေဇင်အောင်နှင့် ဧရာဝတီတိုင်းမှ ဦးအောင်ကိုသက်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားစန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်သက်အောင်၊ တတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မောင်နေမင်းထွန်းနှင့် မောင်အောင်ကျော်မိုး၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုကိုလှ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ညီညီဖြိုးဝေနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ပါပါအောင်၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ၁၅နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ထိန်နန်းဇော်နှင့် မောင်အောင်စည်မင်းထက်၊ တတိယဆုရရှိကြသည့် ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်နှင့် မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်သန့်သူရဇော်နှင့် ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လွှမ်းမိုးအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်လွင်မီထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်ခိုင်ခိုင်လှဲ့၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မတင်ဇာအေးလွင်နှင့် တတိယဆုရ ရှမ်းပြည်နယ်မှ ဒေါ်ဥမ္မာနွယ်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မယဉ်မင်းထက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ တတိယဆုရ မန္တလေးတိုင်းမှ မရတနာဌေး၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသိမ့်မျက်သွယ်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူ၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ၁၅နှစ်)အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဉ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုပြည့်စုံမြင့်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဝင့်ဝါဦး၊ အခြေခံပညာအဆင့် (အသက်၅နှစ်မှ၁၀နှစ်) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှမခင်ယဉ်မင်းဆု၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေနဒီအောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးသန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးလှမြင့်နှင့် မွန်ပြည် နယ်မှ ဦးသိန်းနိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးတင်ရွှေ၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ ဦးကျော်စွာလင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်သူရ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင့်ထက်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်သန့်ဇင်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ၂၀) အမျိုးသားဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရကချင် ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်း၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ၁၅နှစ်)အမျိုးသားဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် တတိယဆုရ

ပဲခူးတိုင်းမှမောင်နန်းတိမ်ယံထွန်း၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးနိုင်ဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သာထူးစံ၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်နွေဇင်ဝင်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မချောယုလင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မရူပါအောင်လွင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မဝင်းသီဂီကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မလှလှဝင်း၊ အခြေခံပညာအဆင့်(အသက်၁၅နှစ်မှ ၂၀)အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မပိုးအိကြည်ဆန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှမလဲ့လဲ့ဝင်းနှင့်တတိယဆုရ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်း၊ အခြေခံပညာ အဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှမမေအေးအေးချမ်းနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ အခြေခံပညာအဆင့်(အသက်၅နှစ်မှ၁၀နှစ်)အမျိုးသမီး ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မမြဩဘာခင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းမှ ဦးစိုးသိန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားမယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးစန်းထွေးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင် (ခ)ပေါက်ခေါင်းမောင်မောင်လေး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မောင်ထွန်းနိုင်ဦး (ခ)မောင်ဖောင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝင်းထွဋ်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းအောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင့်ထက်၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း (အသက်၁၅နှစ်မှ၂၀)အထိ အခြေခံပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်အောင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ၁၅နှစ်) အမျိုးသား မယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် မန္တလေးတိုင်းမှမောင်ထိန်လင်းအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြီန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ အခြေခံပညာအဆင့် (အသက်၅နှစ်မှ ၁၀နှစ်) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်လှဘုန်းထက်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဥမ္မာကျော်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြူနှင်းဝေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအေးအေးကျော်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရူပါအောင်လွင်နှင့် ဒုတိယဆုရ မဆုလဲ့ရည်အောင်၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀)အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုစန္ဒာလှိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မလဲ့ရည်ဝင်းနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မအေးမြတ်မွန်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး (အသက် ၁၅နှစ်မှ၂၀) အထိ အခြေခံပညာအဆင့် အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များသို့ သွားရောက်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စက်မှုဇုန်အလိုက် တာဝန်ခံဝန်ကြီးများကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဟု ယုံကြည်ကြောင်း၊ ယခုအစည်းအဝေးကျင်းပရခြင်းမှာလည်း စက်မှုဇုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကိုသိရှိပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပံ့ပိုးကူညီပေးနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၆ရက်က စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးမြို့ပေါ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်တွင် ဓာတ်ငွေ့ ဖြည့်တင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကွင်းဆင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးထောင့်ကန်စံပြကျေးရွာနှင့် ရှမ်းတဲကြီးစံပြကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အဆောက်အအုံများဆောက်လုပ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့် **(အောက်ပုံ)**သည် အောက်တိုဘာ၁၉ရက် နံနက်ပိုင်းက လေးထောင့်ကန်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သွားရောက်ဆွေးနွေးညှိနှိုင်းခဲ့သည်။

တက်ရောက်

ဆွေးနွေးပွဲသို့ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒုတိယဦးစီးမှူး ဦးအာကာ၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းခတ်မြို့၌ စာဖတ်သူတိုးပွားရေး ပညာပေးဟောပြော

မိုင်းခတ် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်သူ တိုးပွားရေးအတွက် ရည်ရွယ်၍ ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၇ရက်က မိုင်းခတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျင်ရှင်းမုန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ရေး

မခင်ထား

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနကို ၃-၈-၁၉၈၉ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်စေခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် ကုသရေးလုပ်ငန်းအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ခုတင် ၅၀ဆံ့ တိုင်းရင်းဆေးရုံကြီး နှစ်ရုံ၊ အခြားပြည်နယ်/တိုင်း မြို့များတွင် ၁၆ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာန ၄၃ခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၁၉၄ခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံနှစ်ရုံမှ ဌာနသုံးတိုင်းရင်းဆေးဝါး၂၁မျိုးနှင့် အရောင်းဆေး၁၂မျိုး အပါအဝင် နှုန်းမီစံကိုက်ဆေးဝါးများ ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် ဆေးဝါးထုတ်လုပ်ရေး ကုန်ကြမ်းများရရှိရန်နှင့် ပရဆေးပင်မျိုးများ ထိန်းသိမ်းစောင့်ရှောက်ရန် မျိုးထိန်းပရဆေးဥယျာဉ်ကိုးခု တည်ထောင်စိုက်ပျိုးထားပြီး ရုံးချုပ်တွင် သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနမှ တိုင်းရင်းဆေးဝါးများ အရည်အသွေးစစ်မှန်မှု ရှိ မရှိ သုတေသနဓာတ်ခွဲပေးခြင်းလုပ်ငန်းနှင့် မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ရှေးဟောင်းဆေးကျမ်း၊ ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးဝါးဌာနခွဲမှလည်း ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းဆေးပညာရပ်များ သင်ကြားရေးကဏ္ဍအနေဖြင့် မန္တလေးမြို့တွင် တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်များဖွင့်လှစ်ထားပြီး တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ မန္တလေး တိုင်းရင်းဆေးသိပ္ပံမှ အမှတ်စဉ်(၂၉)အထိ တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့လက်မှတ်ရ ၂၀၅၂ဦး ရွေးထုတ်ပေးခဲ့ပြီး အမှတ်စဉ် (၃၀)သင်တန်းဖွင့်လှစ်ဆဲဖြစ်သည်။ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်မှာ ၂၀၀၁ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ BMTM ဘွဲ့ရ ၁၇၄ဦး မွေးထုတ်ခဲ့ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြီးဖြစ်သည်။

နိုင်ငံတော်မှ တိုင်းရင်းဆေးဆရာများ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းဆေးဆရာများ စည်းလုံးညီညွတ်ရေးတို့ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၀၀ပြည့်နှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး တိုင်းရင်းဆေးကောင်စီကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူများယုံကြည်အားထားမှု ပိုမိုရရှိရေးစသော မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ပြည့်နှစ်မှစ၍ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ၂၀၀၇ခုနှစ် နိုဝင်ဘာလ ၂၈-၂၉ရက်တို့တွင် အဋ္ဌမအကြိမ်ထိ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ညီလာခံကိုယ်စားလှယ် ၃၁၅ဦးတက်ရောက်ခဲ့ကြပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးပညာ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာနှင့်ကုထုံး၊ ကုနည်းများ၊ ဆေးကျမ်းများကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် တိုင်းရင်းဆေးဆိုင်ရာ အကြောင်းအရာများကို စနစ်တကျ ရေးသားဖော်ပြထုတ်လွှင့်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ရန်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်စေရေး အားပေးဆောင်ရွက်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးကုန်ကြမ်း ဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးမှသည် စီးပွားဖြစ်အဆင့်ထိ ပရဆေးဥယျာဉ်များထူထောင်ကြရေး ပညာပေးစည်းရုံးရန်ဟူသည့် အဆိုပြုချက်(၆)ချက်ကိုတင်သွင်းပြီး တစ်ခဲနက်ထောက်ခံခဲ့ကြပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံများသို့ သွားရောက် ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ သီရိလင်္ကာနိုင်ငံသို့ တိုင်းရင်းဆေးညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲများသို့ သွားရောက်ပြသခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ မကြာသေးမီက ဆောင်ရွက်ပြီးစီးသောလုပ်ငန်းတစ်ခုဖြစ်သည့် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ် တည်ထောင်ခြင်းလုပ်ငန်းကို ဆက်လက်လေ့လာတင်ပြလိုပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းပြည်ပမှ လေ့လာသူများ လာရောက်လေ့လာနိုင်ရန် ပရဆေးပင်မျိုးစုံလင်သော နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော် တောင်ညိုလမ်းမကြီးနံဘေး ၁၉၆ဒသမ ၄ ဧက ကျယ်ဝန်းသော မြေဧရိယာပေါ်တွင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပြီး ၄-၁-၂၀၀၈ရက်နေ့ လွတ်လပ်ရေးနေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပါသည်။ မူလမျိုးထိန်း ပရဆေးဥယျာဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးတို့ပါဝင်သော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအမျိုးသားပရဆေးဥယျာဉ်ကြီးအတွင်းတွင် မြန်မာနိုင်ငံ ဒေသမျိုးစုံ၌ ပေါက်ရောက်သော အစွမ်းထက်ရှားပါးပရဆေးပင်မျိုးစုံကို စုစည်းတွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသုံးဆေးပင်များ၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင်အပင်အမျိုးမျိုးကိုလည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါသုံးဆေးပင်များ၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင်အပင် အမျိုးမျိုးတို့ကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံးဆေးပင်များ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များ၊ ဆေးဖက်ဝင်သစ်ခွရုံနှင့် အခြားဆေးဖက်ဝင်အပင် အမျိုးမျိုးကိုလည်းကောင်း စုဆောင်းစိုက်ပျိုးထားသည်။

ထို့ပြင်ဝန်ကြီးဌာနအလိုက် ရှင်းလင်းဆောင်နှင့် ပင်မရှင်းလင်းဆောင်များကိုလည်းကောင်း၊ တိုင်းရင်းဆေးပစ္စည်း ပြတိုက်တစ်ခုနှင့် တိုင်းရင်းဆေးသုတေသနပြတိုက်တစ်ခုကိုလည်းကောင်း ဖွင့်လှစ်ထားပြီး တိုင်းရင်းဆေးဝါးဆိုင်ရာ ပေ၊ ပုရပိုက်၊ ကျမ်းများ၊ စာအုပ်စာတမ်းများ၊ တိရစ္ဆာန်များထွက်ပရဆေးပစ္စည်း၊ ရေထွက်ပရဆေးပစ္စည်း၊ မြေထွက်ပရဆေးပစ္စည်းစသည်များနှင့် ပရဆေးပင်ဆိုင်ရာ သုတေသနပြုဆောင်ရွက်ထားမှုများကို ပြသထားသည်။ အမျိုးသားပရဆေးဥယျာဉ်ရှိ အဆောက်အအုံများ၊ လမ်းများ၊ ရေကန်များ စသည့်တည်ဆောက်ရေးလုပ်ငန်းအဝဝကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးစီမံကိန်းမှ ဆောင်ရွက်ခဲ့သည်။

"မြန်မာနိုင်ငံသည် အဖိုးတန်ပရဆေးပင်များ၊ ရှားပါးအပင်မျိုးများ၊ တန်ဖိုးမဖြတ်နိုင်သည့် တိုင်းရင်းဆေးပညာရပ်များကို ပိုင်ဆိုင်လျက်ရှိရာ အမျိုးသား အမွေအနှစ်ဖြစ်သည့် မိမိတို့၏ပိုင်ဆိုင်မှုများ လျော့ပါးပျောက်ပျက်မသွားစေရအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိပါသည်"ဟု အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာပါလမ်းညွှန်ဖော်ပြချက်ကို အလေးအနက် ဦးထိပ်ထားလျက် မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဘက်စုံဆောင်ရွက်နေမှုအခန်းကဏ္ဍများကို လေ့လာဖော်ပြရင်း မြန်မာ့တိုင်းရင်းဆေး ရွှေခေတ်ရောက်ရှိလာမည့်အခြေအနေများကို တင်ပြနိဂုံးချုပ်ဖော်ပြအပ်ပါသည်။ ။

တာမွေစစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ချီးမြှင့်သော အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုငွေချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ၂၄ရက် နံနက်၁၀နာရီက တာမွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်လေးဦးအား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် ၂၀၀၀၀ **(ယာပုံ)**နှင့် တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မဇင်မာသိန်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၀၀၀၀ ကို မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)နှင့် တာဝန်ရှိသူများက ထောက်ပံ့ချီးမြှင့်ခဲ့သည်။

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၀၉ခုနှစ်ပြက္ခဒိန်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ထုတ်ဝေသည့် ၂၀၀၉ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၀-၁၃၇၁) ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်ရာ အဆိုပါပြက္ခဒိန်ကို အနုပညာဦးစီးဌာနရုံး အမှတ်၃၅ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၃၇နှင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်) ဖုန်း-၀၁-၃၉၅၁၅၇ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်းပြည်ပ ဆရာကြီးများအား ပူဇော်ကန်တော့ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့လက်ဆေးပွဲနေ့ ဇလွန်၌ကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၈ခုနှစ် ကမ္ဘာ့လက်ဆေးပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဇလွန်မြို့နယ် မေရီလန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပရာ ဇလွန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဗဟိုကျန်းမာရေးပညာဌာနမှ တာဝန်ရှိသူများက ကမ္ဘာ့လက်ဆေးပွဲနေ့ အထိမ်းအမှတ် ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောနည်းကို သရုပ်ပြသသည်။

မိတ္ထီလာ အထက(၁) အာစရိယပူဇော်ပွဲ

မိတ္ထီလာ အထက(၁)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက်(၆၀)ကျော် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မိတ္ထီလာမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

မော်လမြိုင်ဆရာအတတ်သင် မြတ်ဆရာပူဇော်ပွဲ

၁၉၆၆-၁၉၇၂ခုနှစ်အတွင်း မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ (နှစ်နှစ်သင်တန်း)တွင် တက်ရောက်ခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ၂၈ရက် (သောကြာနေ့) နံနက်၉နာရီတွင် အထက ကျောက်တံတားမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ကြက်တောင်ဥပဒေ သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ကကြီးမှူး၍ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်မှ နောက်ဆုံးပြင်ဆင်ပြောင်းလဲထားသော ကြက်တောင်ဥပဒေနှင့် ဒိုင်လူကြီးသင်တန်းကို အမျိုးသားကြက်တောင်ရိုက်ခန်းမ ၃၃၀/၃၃၂ အနော်ရထာလမ်း လမ်းမတော်မြို့နယ်၌ နိုဝင်ဘာ၁ရက်မှ ဒီဇင်ဘာ၇ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသည့် ဝါသနာရှင်များနှင့် လက်ရှိဒိုင်အဖွဲ့ဝင်များအားလုံး မွမ်းမံသင်တန်းတက်ရောက်နိုင်သည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို နိုဝင်ဘာ ၅ ရက်မှ ၁၃ရက်အထိ ခြိမ့်ခြိမ့်သဲသဲ ကျင်းပသွားမည်ဖြစ်သည်။

ဩဂဲနစ်သီးနှံအစုအဖွဲ့ စာတမ်းဖတ်ပွဲဆွေးနွေးနိုင်

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဩဂဲနစ်သီးနှံအစုအဖွဲ့မှ Strategies and Approaches for Promotion of organic Agriculture ain Myanmar ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁ရက် (စနေနေ့) နံနက်၈နာရီခွဲမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံမှ EM Technology ဆိုင်ရာ ပညာရှင်များ ပါဝင်ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆွေးနွေးနိုင်သည်။

မကွေးဥပစာကောလိပ် အာစရိယပူဇော်ပွဲ

မကွေးဥပစာကောလိပ် ၁၉၅၈-၁၉၆၃ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၃၀ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - အထက်မင်းလှညွန့်အောင်

ဝိဇ္ဇာနှင့်သိပ္ပံစာတမ်းများ တိုးတက်ပြောင်းလဲမှုကို အထောက်အကူပြုနိုင်

ဝိဇ္ဇာပညာရပ်ဆုရ-ဒေါက်တာမောင်မောင်ဦး

မြန်မာ့အလှ ဧရာဝတီ ပြန်လည်တည်ဆောက်နိုင်တာ တွေ့ရပါပြီ

ဒေါက်တာသဇင်လွင်(ရန်ကုန်တက္ကသိုလ်)

သတင်းမြင်ကွင်း-မြင့်မောင်စိုး ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသူ-အေးအေးလွင်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူး၍ အဋ္ဌမအကြိမ် သုတေသနစာတမ်းဖတ်ပွဲများ ရန်ကုန်တက္ကသိုလ်၌ အောက်တိုဘာ ၂၄ရက်မှ စတင်ကာ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး အကောင်းဆုံးစာတမ်းရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားတစ်ရပ်ကို အောက်တိုဘာ ၂၉ရက် နံနက်က ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် နိုင်ငံတော်အကျိုးပြု သုတေသနလုပ်ငန်းများ ထူးချွန်ပြောင်မြောက်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာတမ်းရှင်များအား သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက "ကျွန်တော်တို့မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့အနေဖြင့် ယခုကဲ့သို့ ဝိဇ္ဇာနဲ့သိပ္ပံပညာရပ်များ၊ စာတမ်းများ ဖတ်ကြားခဲ့ခြင်းမှာ အဋ္ဌမအကြိမ်ရှိသွားပါပြီ။ ဒီနှစ်မှာ မနှစ်ကထက် စာတမ်းများ တင်သွင်းဖတ်ကြားလာကြတာ တွေ့ရပါတယ်။ မနှစ်က ဝိဇ္ဇာနှင့်သိပ္ပံစာတမ်းပေါင်း ၂၇၁စောင် ဖတ်ကြားခဲ့ပြီး ဒီနှစ်မှာတော့ ၃၀၆စောင်အထိ ဖတ်ကြားနိုင်ခဲ့ပါတယ်။ ဒီအထဲမှ အကောင်းဆုံးစာတမ်းရှင်များကို Best Paper Award ဆုအဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးပါတယ်။ ၂၀၀၇ခုနှစ်အတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များ အဖွဲ့ဆုများကိုတော့ ဝိဇ္ဇာပညာရပ်အကောင်းဆုံးဆု၊ သိပ္ပံပညာရပ် အကောင်းဆုံးဆုနဲ့ လူမှုရေးပညာရပ် အကောင်းဆုံး ဆုဆိုပြီး ချီးမြှင့်ပါတယ်။

ဂုဏ်ပြုလွှာပေးအပ်

"ဒါ့အပြင် ၂၀၀၈ခုနှစ် အဋ္ဌမအကြိမ် သုတေသနစာတမ်း ဖတ်ပွဲ အကောင်းဆုံးဆု သုတေသနစာတမ်းဆု ဘာသာရပ်အလိုက်

"မြန်မာ့အလှ ဧရာဝတီကို ပြန်လည်လန်းဆန်းစေဖို့ တတ်ကျွမ်းတဲ့ ပညာရပ်နဲ့ တစ်ဖက်တစ်လမ်းမှ ကြိုးပမ်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"

ဒေါက်တာသဇင်လွင်
(ရန်ကုန်တက္ကသိုလ်)

၂၃ဆု ချီးမြှင့်ပေးပါတယ်။ ယခုနှစ် မေလဆန်းက တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းဒဏ်ခံရတဲ့ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းကို ဗက်တီးရီးယားများဖြင့် ပြန်လည်ကုစားပြီး သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့ ပညာရှင်များကိုလည်း ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပါရဂူဘွဲ့ရရှိ

၂၀၀၇ခုနှစ်အတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုများချီးမြှင့်ရာ ဝိဇ္ဇာပညာရပ်ဆုကို မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာမောင်မောင်ဦးက ဆွတ်ခူးရရှိခဲ့သည်။ ဒေါက်တာ မောင်မောင်ဦးသည် ၂၀၀၇ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သူ ဖြစ်သည်။

အကျိုးဖြစ်ထွန်း

၎င်းသည် မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာ သင်ကြားမှု ပြောင်းလဲဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို လေ့လာတင်ပြထားသော ကျမ်းစာတစ်အုပ်ကို ပြုစုခဲ့သူလည်းဖြစ်သည်။

"ယခုစာတမ်းဖတ်ပွဲများရဲ့ ရလဒ်ကောင်းများဟာ နိုင်ငံတော်ရဲ့ ပညာရေး အဆင့်မြင့်မားရေးအတွက်သာမကဘဲ နိုင်ငံတော်ရဲ့ တိုးတက်ပြောင်းလဲမှုကဏ္ဍအသီးအသီးမှာ အကျိုးဖြစ်ထွန်းစေနိုင်မှာ ဖြစ်ပါတယ်။

"ဆုရခဲ့တဲ့ ကျွန်တော်တို့အနေနဲ့ ဆုရလဒ်ကိုမျှော်ကိုးပြီး လုပ်ဆောင်ခဲ့ကြတာမဟုတ်ပေမယ့် မိမိတို့ရဲ့ သုတေသနကြိုးပမ်း

"မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းတဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့ ကြိုးစားခဲ့ပါတယ်"

ဒေါက်တာအောင်ကျော်(တောင်ငူတက္ကသိုလ်)

ဆောင်ရွက်မှုတွေကို အသိအမှတ်ပြုပြီး အားပေးချီးမြှင့်တဲ့ အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်ရပါတယ်"ဟု အဆိုပါ အခမ်းအနားတွင် ဒေါက်တာမောင်မောင်ဦးက ပြောကြားသည်။

ဆွတ်ခူးရရှိ

၂၀၀၇ခုနှစ်အတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ သိပ္ပံပညာရပ်ဆုကို ထားဝယ်တက္ကသိုလ် သတ္တဗေဒဌာနမှ သရုပ်ပြဆရာမ ဒေါက်တာခင်သန်းသန်းစိုး(ခရမ်း)က ဆွတ်ခူးရရှိခဲ့သည်။

ဒေါက်တာခင်သန်းသန်းစိုးသည် ၂၀၀၇ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သတ္တဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သူဖြစ်သည်။

"ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးအရ အရေးပါတဲ့ ဝါဂွမ်းပင်များမှာ ကျရောက်တတ်တဲ့ ဖျက်ပိုးများကို စားသုံးတဲ့ Stink Bug ပိုးများအကြောင်း စနစ်တကျလေ့လာ သုတေသနပြုခဲ့ပါတယ်။ ဝါဂွမ်းဖျက်ပိုးများကို အကျိုးပြုတဲ့ (Stink Bug) ပိုးများနဲ့ ကာကွယ်နှိမ်နင်းနိုင်တဲ့ Biocontrol နည်းကို လေ့လာတင်ပြခဲ့ပြီး ဓာတုဗေဒပိုးသတ်ဆေးများ အသုံးပြုခြင်းထက် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်တာကြောင့် စိုက်ပျိုးရေးမှာ အထူးအကျိုးဖြစ်ထွန်းစေနိုင်မှာ ဖြစ်ပါတယ်"ဟု ဒေါက်တာခင်သန်းသန်းစိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

တစ်ဖန် ၂၀၀၇ခုနှစ်အတွက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုတစ်ဆုဖြစ်သည့် လူမှုရေးပညာရပ်ဆိုင်ရာ ထူးချွန်ဆုကို ချီးမြှင့်ပေးအပ်ရာ ရန်ကုန်ပညာရေး တက္ကသိုလ်၊ ပညာရေးစိတ်ပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာနိုင်နိုင်မော်က ဆွတ်ခူးရရှိခဲ့သည်။

ဒေါက်တာနိုင်နိုင်မော်သည် ၂၀၀၇ခုနှစ်၌ ရန်ကုန်ပညာရေးတက္ကသိုလ်မှ စိတ်ပညာဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သူဖြစ်သည်။ ၎င်းသည် နိုင်ငံတော်၏ပညာရေးတွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည့် မူကြိုပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် သုတေသနကို လေ့လာတင်ပြခဲ့သူဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ကျရောက်ခဲ့သည့် မုန်တိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့သော ပညာရှင်အဖွဲ့အား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပါ ပညာရှင်အဖွဲ့မှ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာသဇင်လွင်က"**ကျွန်မတို့ပညာရှင်အဖွဲ့ဟာ မေလ၂ရက်နှင့် ၃ရက်မှာ**

"ဝါဂွမ်းဖျက်ပိုးကာကွယ်နှိမ်နင်းနိုင်တဲ့ နည်းပညာကို လေ့လာတင်ပြခဲ့ပါတယ်"

သိပ္ပံပညာရပ်ဆုရ ဒေါက်တာခင်သန်းသန်းစိုး
(ထားဝယ်တက္ကသိုလ်)

မုန်တိုင်းကြောင့် တွေ့ကြုံခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေထဲက အဓိကကျတဲ့ ရေထုညစ်ညမ်းမှုကို ပြန်လည်ကောင်းမွန်အောင် ပြုလုပ်ပြီး ကျန်းမာတဲ့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည် ရရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီသုတေသနကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းကြောင့် တွေ့ကြုံခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေထဲက အဓိကကျတဲ့ ရေထုညစ်ညမ်းမှုကို ပြန်လည်ကောင်းမွန်အောင်ပြုလုပ်ပြီး ကျန်းမာတဲ့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ရရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီသုတေသနကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အဆမတန်များပြား

"ဒါကြောင့် ကျွန်မတို့အဖွဲ့ဟာ ဆရာကြီး ဒေါက်တာမျိုးသန့်တင် ဦးဆောင်ပြီးတော့ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမှ လေဘေးသင့်ကျေးရွာအချို့ရဲ့ မြစ်၊ ချောင်း၊ ရေ၊ လယ်မြေ၊ သောက်ရေကန်တို့မှ ရေနမူနာတွေကိုယူပြီးတော့ တိုင်းတာစာတ်ခွဲခဲ့ပါတယ်။ အဲဒီအခါမှာ လူသားတွေကို အန္တရာယ်ဖြစ်စေနိုင်တဲ့ ဗက်တီးရီးယားပါဝင်မှုဟာ အဆမတန်များပြားနေတာကို တွေ့ရပါတယ်။

အသုံးပြု

"ဒါကြောင့် မြစ်ရေ၊ ချောင်းရေကို အဓိကထား အသုံးပြုနေကြတဲ့ ဧရာဝတီသားတို့ရဲ့ ကျန်းမာရေးကိုကာကွယ်ဖို့ အန္တရာယ်ရှိတဲ့ ပိုးမွှားတွေကို နှိမ်နင်းစေနိုင်တဲ့ အကျိုးပြု ဗက်တီးရီးယားများပါဝင်တဲ့ အကျိုးပြုအဏုဇီဝဖျော်ရည် (EM) ကို အသုံးပြုပြီးတော့ ကျရောက်နိုင်မယ့် ဘေးအန္တရာယ်ကို အချိန်မီထိန်းချုပ်ပြီး နိုင်ငံတော်ကို အကျိုးပြုစေနိုင်တဲ့ သုတေသနရလဒ်ကောင်းကို ရရှိခဲ့ပါတယ်ရှင်။

ပီတိခရီးစဉ်

"ဒီသုတေသနပြုရင်းနဲ့ ရောက်ရှိခဲ့တဲ့ကျေးရွာတွေမှာ ကြုံဆိုခဲ့ကြတဲ့ ကြင်နာမှုရှိတဲ့ ရွာသူရွာသားတွေရယ်၊ ပျော်ရွှင်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေရယ်၊ တာဝန်ကျေပွန်လှတဲ့ ရပ်မိရပ်ဖတွေကြောင့် ကျွန်မတို့ရဲ့ ရင်တွင်းမှာ နွေးထွေးမှု အပြည့် ရင်ဝယ်ပိုက်ခဲ့ရတဲ့ ပီတိခရီးစဉ်လေးတစ်ခုအဖြစ်နဲ့လည်း ရင်ထဲစွဲကျန်ထင်ရစ်နေပါပြီရှင်။

တွေ့မြင်

"ရိုးသားကြိုးစားစွာနဲ့ မိရိုးဖလာလုပ်ငန်းတွေမှာ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဧရာဝတီသားတို့ဟာ အခုချိန်မှာတော့ သဘာဝအလှတရားပျက်ခဲ့ရတဲ့ ဧရာဝတီကို ပိုပြီးတော့ သာယာလှပတဲ့ မြန်မာ့အလှ ဧရာဝတီအဖြစ် ပြန်လည်တည်ဆောက်နေတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်ရှင်။

ဝိုင်းဝန်းထိန်းသိမ်း

"ဒါကြောင့် ဧရာဝတီအလှကို ပြန်လည်ခံစားနိုင်ပြီး အမြဲစိမ်းလန်းစိုပြည်နေစေဖို့ ပတ်ဝန်းကျင်ရှိရေထုများကို ကျွန်မတို့အားလုံး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့လားရှင်။

"တဒင်္ဂအပြုံးလေးများ ပျောက်ကွယ်ခဲ့ရတဲ့ နှလုံးလှပိုင်ရှင် ဧရာဝတီသားတို့ရဲ့ အမြဲထာဝရ ရွှင်လန်းချမ်းမြေ့တဲ့ အနာဂတ်ခရီးကို ထာဝရလျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

အထောက်အကူဖြစ်

တစ်ဖန် ၂၀၀၈ခုနှစ် အဋ္ဌမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ ဘာသာရပ်အလိုက် အကောင်းဆုံးသုတေသန စာတမ်းဆု ၂၃ဦး ချီးမြှင့်ခဲ့ရာ ယင်းတို့အနက် ဆုရရှိသူတစ်ဦး ဖြစ်သည့် တောင်ငူတက္ကသိုလ် ပထဝီဝင်ဌာနမှ ကထိက ဒေါက်တာအောင်ကျော်က ပြောကြားရာတွင် "**ကျွန်တော့်အနေနဲ့ ယခုလို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ရဲ့ သုတေသနစာတမ်းဖတ်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရခဲ့တာ ယခုနှစ်နဲ့ဆိုရင် သုံးကြိမ်မြောက် ရှိသွားပါပြီ။ ဒီစာတမ်းဖတ်ပွဲမှာ ဖတ်ကြားတဲ့ စာတမ်းရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာမှာ အထောက်အကူဖြစ်စေဖို့ ဖြစ်ပါတယ်။**

လေ့လာတင်ပြ

"စာတမ်းမှာ ဖော်ပြထားတာကတော့ နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာရှိ ပျူခေတ်က အသုံးပြုခဲ့တဲ့ ပျူပုတီးများကို မြန်မာ့ယဉ်ကျေးမှု လက်ဆင့်ကမ်းတစ်ခုအနေဖြင့် ပြန်လည်ထုတ်လုပ်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ တိုးတက်မှု အခြေအနေနဲ့ လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲကို စီးပွားရေးပထဝီဝင် ရှုထောင့်မှ လေ့လာတင်ပြထားပါတယ်။

"အခုလိုဆုရတဲ့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ တောင်ငူတက္ကသိုလ်အတွက်သာမက မိခင်ဌာနပထဝီဝင်ဘာသာရပ်ဌာနကိုပါ အကျိုးပြုမှာဖြစ်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

နှစ်စဉ်ကျင်းပ

သို့ဖြစ်ရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများ နှစ်စဉ်ကျင်းပလျက် ပညာရေးထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ခြင်းဖြင့် အနာဂတ်လူ့ဘောင် သာယာဝပြောရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လီဗာပူး ပယ်နယ်တီဖြင့်နိုင်ပြီး နိုင်ပွဲဆက်ခဲ့ မန်ယူနှင့် ချယ်လ်ဆီးတို့အနိုင်ရ အာကြီး သရေပွဲကြသွား

မြင့်မောင်စိုး စုစည်းရေးသား၍ တိုးလွင် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် အောက်တိုဘာ ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၁၀) ပြိုင်ပွဲများကို အောက်တိုဘာ ၂၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ထိပ်သီးအသင်းများဖြစ်ကြသည့် မန်ယူ၊ချယ်လ်ဆီးနှင့်လီဗာပူးတို့ အနိုင်ရရှိခဲ့သော်လည်း အာဆင်နယ်အသင်း သရေပွဲကြုံခဲ့ရသည်။

အာဆင်နယ်-တော့တင်ဟမ်

အာစင်ဝင်းဂါး၏ လူငယ်ကစားသမားများသည် အိမ်ကွင်း၌ ဟာရီရက်နက်၏ တော့တင်ဟမ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူအောင်ပွဲခံရန် ပြင်ဆင်နေချိန်တွင် တော့တင်ဟမ်ကစားသမားလင်နွန်က ပွဲသိမ်းလေလွင့်ချိန်၌ ဂိုးသွင်းယူခဲ့သဖြင့် တစ်ဖက်လေးဂိုးစီ သရေကျခဲ့သည်။



လီဗာပူး၏ တစ်လုံးတည်းသော အနိုင်ဂိုးကို စတီဗင်ဂျရတ်က ဤသို့ ပယ်နယ်တီမှတစ်ဆင့် ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်အသင်း၏ အိမ်ကွင်းတွင် တော့တင်ဟမ် တိုက်စစ်မှူး ဘန်တလေက ပွဲစပြီး ၁၃ မိနစ်အကြာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက် အာဆင်နယ်မှ ဆေးဗက်စတားက ပွဲချိန် ၃၇မိနစ်တွင် ပြန်လည် ချေပဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ဝီလျံဂါးလက်စ်က ပွဲချိန် ၄၆မိနစ်တွင် သွင်းယူခဲ့သည်။

အာဆင်နယ်လူငယ်များ ဒုတိယပိုင်းတွင် ခြေစွမ်းပြကစားလာရာ အဒီဘာယောက အာဆင်နယ်အသင်းအတွက် တတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ တော့တင်ဟမ်တို့ ပြန်လည်တိုက်စစ်ဆင် ကစားခဲ့ရာ ပွဲချိန် ၆၇မိနစ်တွင် ဘန်တလေက သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ အာဆင်နယ်ကစားသမား ဗန်ပါစီက အာဆင်နယ်အသင်းအတွက် စတုတ္ထမြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပွဲသိမ်းခရာမှုတ်ရန် ပြင်ဆင်နေချိန်တွင် တော့တင်ဟမ်ကစားသမား လင်နွန်၏ အမှတ်မထင်သွင်းယူခဲ့မှုကြောင့် အာဆင်နယ်တို့ ခဲလေသမျှ သဲရေကျကာ သရေပွဲဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲ အာဆင်နယ်တို့ သရေကျသခဲ့ဖြင့် ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယား နံပါတ် ၃ ၌ ရပ်တည်လျက်ရှိသည်။

မန်ယူ-ဝက်စ်ဟမ်း

Fif Pro အကောင်းဆုံးဘောလုံးသမားဆုရ မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒိုသည် အထူးခြေစွမ်းပြကစားခဲ့ရာ ပွဲစပြီး ၁၄မိနစ်အတွင်း မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။

ဝက်စ်ဟမ်းကစားသမားများ မန်ယူနောက်တန်းကို ပြန်လည် ခြိမ်းခြောက်ထိုးဖောက်ကစားလာပြီး လူးဝစ်ဘိုအာမိတေး အပိုင်ကန်သွင်းရာ မန်ယူဂိုးသမား ကူးဇက် အမိအရ ကာကွယ်ပေးနိုင်ခဲ့သည်။

စီရိုနယ်ဒိုသည် ဝက်စ်ဟမ်း ကစားသမားများ၏ ခြိမ်းခြောက်ကစားလာမှုကို ရပ်စဲသွားရန် ပွဲချိန် ၂၉မိနစ်တွင် ဘာဘာတော့ဗ အမှတ်မထင် ဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲပြီးသည်အထိ ဝက်စ်ဟမ်းတို့ ချေပဂိုးသွင်းနိုင်စွမ်းမရှိခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဖာဂူဆန်၏ ကစားသမားများသည် အဲဗာတန်နှင့် သရေကျခဲ့ပြီးနောက် နိုင်ပွဲပြန်လည်စတင်ခဲ့ပြီ ဖြစ်သည်။ သို့သော် အမှတ်ပေးဇယားထိပ်ဆုံးရောက် လီဗာပူးနောက်မှ တစ်ပွဲလျော့ ရှစ်မှတ်ကွာလျက်ရှိပြီး အမှတ်ပေးဇယား နံပါတ် ၆ နေရာမှ လိုက်လာသည်။

ဟူးလ်စီးတီး-ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နိုင်ပွဲပြန်လည်စတင်နိုင်ပြီဖြစ်သည်။ဟူးလ်စီးတီးအသင်းသည် အိမ်ကွင်း၌ ချယ်လ်ဆီးအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် လေးပွဲဆက်တိုက်အနိုင်ရမှုမှာ အဆုံးသတ်ခဲ့ရသည်။ ဟူးလ်စီးတီး အသင်းသည် ချယ်လ်ဆီးနှင့် မကစားမီက လန်ဒန်ကလပ်များဖြစ်ကြသည့် ဖူလ်ဟမ်၊ အာဆင်နယ်၊ တော့တင်ဟမ်နှင့် ဝက်စ်ဟမ်းအသင်းတို့ကို ဆက်တိုက်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

လူးဝစ်စကိုလာရီ၏ချယ်လ်ဆီးအသင်းသည် ခြေစွမ်းထက်နေသော ဟူးလ်စီးတီးအသင်းကို အကောင်းဆုံးခြေစွမ်းပြကစားခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ပွဲစပြီး သုံးမိနစ်အကြာ လမ်းပတ်က စတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ တိုက်စစ် အရှိန်မြှင့်တင်ကစားခဲ့ရာ အနယ်ကာနှင့် မာလူဒါတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

ယင်းပွဲတွင် ချယ်လ်ဆီးတို့ အနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယားတွင် ရမှတ် ၂၃ မှတ်ဖြင့် ဒုတိယနေရာမှ လီဗာပူးနောက်၌ သုံးမှတ်ကွာ၍ လိုက်လာသည်။

လီဗာပူး-ပို့စ်မောက်

လီဗာပူးတို့ ပြီးခဲ့သည့် သီတင်းပတ်က ချယ်လ်ဆီး၏အိမ်ကွင်း၌ အနိုင်ရခဲ့ပြီးနောက် လီဗာပူးကစားသမားများ ပို၍ခြေစွမ်းပြလာသည်။ သို့သော် လီဗာပူးတို့ အိမ်ကွင်း၌ ပို့စ်မောက်ကို အကြိတ်အနယ်ကစားသော်လည်း ဂိုးမသွင်းနိုင်ဘဲရှိနေသည်။

လီဗာပူးတို့ အိမ်ကွင်းကစားခဲ့ရသော်လည်း ပွဲချိန် ၇၆မိနစ်အထိ အနိုင်ကစားရန် ခက်ခဲသည်ထက် ခက်ခဲလာသည်။ ထိုအချိန်တွင် ပို့စ်မောက်နောက်တန်းကစားသမား၏ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် လီဗာပူးတို့ ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပိုင်ပိုင်နိုင်နိုင် ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ နိုင်ပွဲဆက်နိုင်ခဲ့သည်။ ယင်းနောက် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်၏ ကန်သွင်းသည့် ဘောလုံးမှာ ဂိုးတိုင်ထိမှန်ခဲ့သဖြင့် လီဗာပူးတို့ တစ်ဂိုးနစ်နာခဲ့သည်။ ပွဲအပြီး လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရမှတ် ၂၆ မှတ် ရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

အခြားပွဲရလဒ်များ

အက်စ်တွန်ဗီလာ	၃-၂	**ဘလက်ဘန်း**
ဘော်လ်တန်	၀-၁	**အဲဗာတန်**
ဖူလ်ဟမ်	၂-၀	**ဝီဂန်**
မစ်ဒယ်ဘာရော့	၂-၀	**မန်စီးတီး**
စတုတ်	၁-၀	**ဆန်းဒါးလန်း**

(အင်တာနက်)

တီဗက်ဇ်သည် အဓိက ကစားသမားဖြစ်နေဆဲ မန်ယူနည်းပြ ဖာဂူဆန် ပြောကြား

လန်ဒန် အောက်တိုဘာ ၃၀

မန်ယူနည်းပြ ဖာဂူဆန်သည် ကားလို့စ်တီဗက်ဇ်အား တစ်လအတွင်း ၄င်း၏ ပွဲဦးထွက် ပွဲစဉ်တွင် တိုက်စစ်မှူးအဖြစ် ဆက်လက်ကစားစေပြီးနောက် တီဗက်ဇ် (ဝဲပုံ)သည် မန်ယူအသင်းအတွက် အဓိက ကစားသမားအဖြစ် ဆက်လက်ရှိနေဆဲပင် ဖြစ်ကြောင်း နည်းပြဖာဂူဆန်က အခိုင်အမာ ပြောကြားခဲ့သည်။

အသက် ၂၄နှစ်ရှိ တီဗက်ဇ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၁သန်းဖြင့် ဘာဘာတော့ဗ ရောက်ရှိလာပြီးကတည်းက ၄င်း၏နေရာအတွက် စိုးရိမ်ခဲ့ရသည်။ သို့သော် အောက်တိုဘာ ၂၉ရက်တွင် ဝက်စ်ဟမ်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တီဗက်ဇ်နှင့် ဘာဘာတော့ဗတို့ကို တွဲဖက်ကစားစေခဲ့သည်။

ပြောကြား

တီဗက်ဇ်အနေဖြင့် ၄င်းကစားချင်သလောက် မကစားခဲ့ရကြောင်း၊ သို့သော် တီဗက်ဇ်သည် မိမိတို့အတွက် အဓိက ကစားသမားတစ်ဦး ဖြစ်နေဆဲပင်ဖြစ်ကြောင်း၊ တီဗက်ဇ်သည် ပြီးခဲ့သည့်ကာလများက ထိပ်တန်းတိုက်စစ်မှူးအဖြစ် လွှမ်းမိုးနိုင်ခဲ့သူများတွင် ပါဝင်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

တီဗက်ဇ်သည် ယခုအချိန်တိုင်အောင် မန်ယူအသင်း၌ အငှားစာချုပ်ဖြင့် ကစားနေရဆဲရှိပြီး ရာသီအကုန်တွင် အိုးထရက်ဖို့ဒ်၌ အမြဲတမ်းစာချုပ်ချုပ်ဆိုနိုင်ရန် မျှော်လင့်ထားသည်။ (အင်တာနက်)

ဖီဖာအကောင်းဆုံးဘောလုံးသမားဆု ပဏာမရွေးချယ်စာရင်း ထုတ်ပြန်

လန်ဒန် အောက်တိုဘာ ၃၀

ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမရွေးချယ်လိုက်သည့် ဘောလုံးသမား ၂၃ဦးတွင် ပရီမီယာလိဂ် ဘောလုံးသမား ၁၀ ဦးပါဝင်သည်။

ယင်းတို့မှာမန်ယူတောင်ပံကစားသမား စီရိုနယ်ဒို**(ယာပုံ)**၊ တောရက်စ်နှင့် ဒေကို၊ လမ်းပတ်၊ ဂျွန်တယ်ရီ၊ မိုက်ကယ်ဘောလက်၊ ဒရော့ဘာ၊ အဒီဘာယော၊ ဖာဘရီဂတ်စ်နှင့် စတီဗင်ဂျရတ်တို့ဖြစ်သည်။

ဆုချီးမြှင့်ပေး

အဆိုပါ ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို နိုင်ငံ့လက်ရွေးစင်အသင်းခေါင်းဆောင်များနှင့် နည်းပြများက ဆန္ဒမဲပေး ရွေးချယ်ပေးခြင်းဖြစ်သည်။ ယင်းပဏာမ ရွေးချယ်ထားသည့် စာရင်းမှ ဆန်ခါတင်သုံးဦးကို လာမည့်ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရသူအား ဇန်နဝါရီလတွင် ဇူးရစ်မြို့၌ အခမ်းအနားဖြင့် ဆုချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ပါဝင်

အဆိုပါ ပဏာမရွေးချယ်စာရင်းတွင် ဘာစီလိုနာတိုက်စစ်မှူး အီတူး၊ ဘရာဇီးတိုက်စစ်မှူး ကာကာနှင့် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီတို့လည်း ပါဝင်ကြသည်။

FifPro အကောင်းဆုံး ဘောလုံးသမားဆုရ စီရိုနယ်ဒိုနှင့် မက်ဆီတို့သည် ယင်းဆုအတွက် ရေပန်းအစားဆုံးဖြစ်သည်။

(အင်တာနက်)

အာဂျင်တီးနားနည်းပြ မာရာဒိုနာဖြစ်လာ

ဗျူနိုအေရီ့စ် အောက်တိုဘာ ၃၀

အာဂျင်တီးနား ဂန္ထဝင်ဘောလုံးသမား ဒီဂိုမာရာဒိုနာ (အပေါ်ပုံ)**အား လာမည့် နိုဝင်ဘာ၄ရက်(အင်္ဂါနေ့)မှစ၍ အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်း နည်းပြအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး လူးဝစ်ဆီဂူယာကပြောကြားသည်။**

စွမ်းဆောင်ပေး

မာရာဒိုနာသည် ၁၉၈၆ခုနှစ်က အာဂျင်တီးနား ဘောလုံးအသင်းကို ကမ္ဘာ့ဖလား ချန်ပီယံဆုရရှိအောင် အဓိက စွမ်းဆောင်ပေးနိုင်ခဲ့သည့် အသင်းခေါင်းဆောင်ဖြစ်သည်။

အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က မိမိအား ကမ်းလှမ်းလာခြင်းကို ချက်ချင်းပင် စတင်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း မာရာဒိုနာက အတည်ပြုပြောကြားသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်ချီလီအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သည့် နည်းပြ ဘာဆီလီ၏ ရာထူးကို မာရာဒိုနာ လွှဲပြောင်းယူမည် ဖြစ်သည်။

(အင်တာနက်)

ဂေါက်သီးအကျော်အမော် ဘယ်လက်စတာရို့စ် ကျန်းမာရေးအခြေအနေကောင်းမွန်

မက်ဒရစ် အောက်တိုဘာ ၃၀

ဂေါက်သီးအကျော်အမော် ဆီဗီဘယ်လက်စတာရို့စ် **(ယာပုံ)**သည် ၄င်း၏ ဦးနှောက်အကျိတ်ခွဲစိတ်မှုမှာ သိသိသာသာကောင်းမွန်လာပြီဖြစ်ကြောင်း ၄င်းအား ကုသပေးနေသော မက်ဒရစ်ဆေးရုံမှ သတင်းများအရ သိရသည်။

ဖော်ပြ

ဂေါက်အကျော်အမော် ဘယ်လက်စတာရို့စ်သည် ဦးနှောက်အသားပိုများ ခွဲစိတ်ဖြတ်ထုတ်ခြင်းကို သုံးကြိမ်မြောက် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဦးနှောက်အသားပိုအကျိတ်များကို ပြီးခဲ့သည့်အောက်တိုဘာ ၂၄ရက်က ခွဲထုတ်ခဲ့ပြီးဖြစ်သည်။ လူနာသည် ဦးနှောက်အာရုံကြောဆိုင်ရာ အခြေအနေအရ သက်သောင့်သက်သာအခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ သို့သော်လည်း ဆေးရုံအတွင်းတွင်ပင် ကြပ်မတ်ကုသရန် လိုအပ်နေသေးကြောင်း ဆေးရုံသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် ၅၁နှစ်ရှိ ဘယ်လက်စတာရို့စ်သည် ပြီးခဲ့သည့် အောက်တိုဘာ ၆ရက်က မက်ဒရစ်လေဆိပ်၌ သတိလစ်သွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဆေးရုံသို့ တက်ရောက်ကုသခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် ရေးသားသည်

ကယ်လ်ဇာဂီနှင့်ယှဉ်ပြိုင်ထိုးသတ်ရေး ကက်စလာ ဆက်လက်မျှော်လင့်ဆဲ

လန်ဒန် အောက်တိုဘာ ၃၀

ဒဗလျူဘီအေ စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မစ်ကယ်လ်ကက်စလာ (အောက်ယာပုံ)သည် နိုဝင်ဘာ ၈ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် ဂျိုးလ်ကယ်လ်ဇာဂီနှင့် ရှိုင်ဂျုံးတို့အနက်မှ အနိုင်ရရှိသူနှင့် နယူးယောက်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ရန် မျှော်မှန်းထားသည်။

မကြာမီတွင် မိမိသည် အမေရိကန်နိုင်ငံသို့ ထွက်ခွာရလိမ့်မည်ဖြစ်ကြောင်း ဒါနီလိုဟာအွတ်စလာအား သုံးချီဖြင့် အနိုင်ယူပြီးနောက် ကက်စလာက ထုတ်ဖော်ပြောကြားသည်။

မျှော်လင့်

မိမိအနေဖြင့် ပြိုင်ပွဲအသစ်တစ်ရပ်ကို တတ်နိုင်သမျှ မြန်မြန်ယှဉ်ပြိုင်ထိုးသတ်နိုင်ရန် မျှော်လင့်ထားကြောင်း၊ ဘားနတ်ဟော့ပကင်း၊ ကယ်လီပက်ဗ်လစ်ခ်၊ ကယ်လ်ဇာဂီ သို့မဟုတ် အခြားထိပ်တန်းယှဉ်ပြိုင်ဘက်တစ်ဦးဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အဆင်သင့်ရှိနေကြောင်း၊ ကယ်လ်ဇာဂီက မိမိနှင့် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခြင်းမပြုလုပ်ဟု မိမိအား ပြောကြားခဲ့သော်လည်း မိမိအနေဖြင့် ထပ်မံယှဉ်ပြိုင်ထိုးသတ်ရန် မျှော်လင့်လျက်ပင်ရှိသေးကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ပြန်လည်ရရှိ

အသက် ၂၉နှစ်ရှိ ကက်စလာသည် ပြီးခဲ့သည့် ၂၀၀၇ခုနှစ် နိုဝင်ဘာလက ၄င်း၏ ဒဗလျူဘီအေနှင့်ဒဗလျူဘီစီသရဖူများအတွက် ကယ်လ်ဇာဂီနှင့်ယှဉ်ပြိုင်ထိုးသတ်ရာတွင်ရှုံးနိမ့်ခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် ဇွန်လအတွင်းက ဒီမီထရီဆာတီဆန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ၌ ဒဗလျူဘီအေ ချန်ပီယံခါးပတ်ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ (အင်တာနက်)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူနှင့်ပုံနှိပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူနှင့် ပုံနှိပ်ရေးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

1.	Newsprint Paper (48.8 Gsm)30"	1,600 Tons
2.	Woodfree Paper (70 Gsm)(500 Shts/Pkt)	
	(a) $16\frac{1}{2}$" x $11\frac{3}{4}$" (A3 Size)	1,000 Pkts
	(b) $8\frac{1}{4}$" x $11\frac{3}{4}$" (A4 Size)	2,000 Pkts
3.	Web Offset Ink (Black)	30,000 Kg
4.	Sheet fed Offset Ink(Black)	3,000 Kg
5.	Plates	
	(a) P.S Negative Plate 889 x 586 x 0.3mm	5,000 Shts
	(b) Wipe on Plate 745 x 635 x 0.24 mm	2,000 Shts
	(c) Wipe on Plate 825 x 710 x 0.24mm	2,000 Shts
6.	P.S Negative Developer	480 Liter
7.	Coating A+ B Set	600 Sets
8.	Developing Lacquer	600 Liter
9.	(a) Ortho Film(Roll) (24" x 200')	120 Rolls
	(b) Ortho Film(Sheet) (22"x 32")(50 Shts/Box)	300 Boxes
10.	Film Developer (10 Lit/ Box)	180 Boxes
11.	Film Fixer (5 Lit/Box)	180 Boxes
12.	A3 Toner HP Laser Jet 5000N	80 Boxes
13.	Rubber Blanket (Roll) 28mx1075mmx1.95mm	2 Rolls
14.	Rubber Blanket with T.Bar 890 x 625 x 1.95mm	70 Shts
15.	Stencil Paper (48 Shts/Box)	300 Boxes
16.	Duplicating Ink Tube	450 Boxes
17.	Gum Arabic	1,200 Liter
18.	Rubber Blanket	
	(a) (765 x 780 x 1.95)mm	30 Shts
	(b) (675 x 645 x 1.95)mm	70 Shts
19.	နေပြည်တော် (Imagesetter)	
	(a) Film (76.8 cm x 61 m)	54 Rolls
	(b) Developer	320 Liter
	(c) Fixer	320 Liter
20.	ရန်ကုန် (Imagesetter)	
	(a) Film (61 cm x 60 m)	36 Rolls
	(b) Developer	320 Liter
	(c) Fixer	320 Liter
21.	Dampening Roller Sleeves	
	(a) 64 mm	4 Rolls
	(b) 76 mm	4 Rolls
	(c) 84 mm	4 Rolls
	(d) 96 mm	4 Rolls
	(e) 104 mm	4 Rolls
22.	Sponge	400 Nos

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၁၁-၂၀၀၈ရက်၊ ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၃၄၅၅၇၊ ၅၃၆၀၂၉။

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးရွှေလမင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)- ဒေါ်တင်တင်ဆွေ တို့၏သား၊

မောင်အောင်ကျော်မင်း

B.E (Civil) (Yangon Technological University)
Diploma in Architectural Design and Planning(YTU)
ASIAN Youth Fellowship (Malaysia)
M.E (Construction Material Science)
(Tokyo Institute of Technology)
Building Design Engineer(Chiyoda Corporation, Japan)

နှင့်

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးဟုတ်ကျင်)-ဒေါ်ဝင်းမြ တို့၏သမီး၊

မနီနီဝင်း

B.Sc (Hons), M.Sc(Marine Science) (Mawlamyine University),
ASIAN Youth Fellowship (Malaysia)
Ph.D Final Year(Biosystems Science)
(Kobe University, Japan)

တို့၏ ၁၈-၁၀-၂၀၀၈ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆောင်ခံပွဲသို့ကြွရောက်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးစိန်မြင့် (ဥက္ကဋ္ဌ၊ Supreme Group of Companies)နှင့် ဇနီး ဒေါ်မြတ်သန္တာအားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဒေါက်တာဦးစိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အတွင်းရေးမှူး မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့နှင့် ဇနီး ဒေါက်တာဒေါ်သန်းနုရွှေအား လည်းကောင်း၊ မင်္ဂလာဆောင်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော ဟေမာနေဝင်းနှင့် ဒေါက်တာသိန်းမြင့်သန်း တေးဂီတအဖွဲ့အားလည်းကောင်း၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့သားများအားလည်းကောင်း၊ မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော ခင်စန်းဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းအလှပြင်ပေးသော ဒေါ်စန်းစန်းဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသီရိမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မရည်မွန်မောင်၊ သတို့သား သတို့သမီး အရံများဖြစ်ကြသော မောင်မြတ်ထွဋ်နှင့် ဒေါက်တာအေးမြမြ၊ မောင်ကောင်းဇော်နိုင်နှင့် မအိအိဝင်းတို့အားလည်းကောင်း၊ Sedona Hotelမှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့ရှိ ဓမ္မဒူတကျောင်းတိုက်၌ ၂၁-၁၀-၂၀၀၈ရက်တွင် သံဃာတော်အပါး ၈၀ကျော်တို့ကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းရာတွင် လုပ်အားဒါန ပေးကြသူများအားလည်းကောင်း၊ ရွှေဟသ်ာခန်းမ၌ ၂၃-၁၀-၂၀၀၈ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆောင်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဆောင်ခံပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများအားလည်းကောင်း အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်မင်း-မနီနီဝင်း။

မင်္ဂလာဦးဆုတောင်း

မောင်လေး **မောင်အောင်ကျော်မင်း** M.E (T.I.T, Japan) Engineer (Chiyoda Corp:, Japan)နှင့် ညီမ **မနီနီဝင်း** Ph. D Final Year (Kobe University, Japan) တို့၏ ၁၈-၁၀-၂၀၀၈ ရက်တွင် (Sedona Hotel) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်တိုင် ပျော်ရွှင်သာယာချမ်းမြေ့စွာဖြင့် ဘဝခရီးကိုခိုင်မြဲစွာ လက်တွဲလျှောက်လှမ်းနိုင်ကြပါစေ။

အစ်ကို - ဒေါက်တာကျော်စိုးဝင်း
မမကြီး - ဒေါ်ဆွေဆွေမင်း
(Nagoya, Japan)

မြန်မာ့ရုပ်မြင်သံကြား

၃၁-၁၀-၂၀၀၈ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူ ကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဆိုပြိုင်ပွဲ
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယည်
၈း၂၀	၈။	**ကုသမနေး တီဘီအေး** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈း၃၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၇။	အကပြိုင်ပွဲ
၅း၁၀	၈။	နှောင်းခေတ် တေးပဒေသာ
၅း၂၀	၉။	မြန်မာစာ၊မြန်မာစကား
၅း၃၀	၁၀။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၅	၁၁။	သူရွှေးသီရာတေးကဗျာ
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၃၀	၁၃။	မိုးလေဝသအခြေအနေ
၆း၃၅	၁၄။	သုတစုံလင် ရွှေညဏ်ရှင်
၇း၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုနတိုင်း** (အပိုင်း-၂၂)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၄၂)
	၂၁။	အစီအစဉ်ပြီး၏။

မှူခင်းကျဆင်းရေး ဗိုလ်တထောင်၌ ပညာပေးဟောပြော

အောက်တိုဘာ ၃၀ရက်က မှုခင်းကျဆင်းရေးနှင့် သတင်းရရှိရေး ပညာပေးဟောပြောပွဲကို ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက် ဝိုင်အမ်စီအေ ဧည့်ရိပ်သာခန်းမ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များအား အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယ ရဲမှူးကြီးကျော်အေး ဆွေးနွေးဟောပြောစဉ်။ (ရဲတပ်ဖွဲ့)

မာန်အောင်မြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲကို (တန်ဆောင်မုန်းလဆန်း ၁၁ရက်)နိုဝင်ဘာ ၈ရက်(စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရခိုင်ပြည်နယ် ဓမ္မာရုံ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးတွင် ကျင်းပမည်ဖြစ်ရာ ဗိုလ်မှူးအောင်စိန်(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း- ၅၀၁၀၂၆၊ ဦးစိုးတင့် ဒုတိယဥက္ကဋ္ဌ(၁) ဖုန်း- ၅၄၅၂၉၃၊ ဦးထွေးဖြူ အတွင်းရေးမှူး ဖုန်း-၅၀၂၆၃၄၊ ဒေါ်သီသီအောင် ဘဏ္ဍာရေးမှူး ဖုန်း- ၅၅၅၇၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ခိုးမှုကျူးလွန်သူသုံးဦးအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်း သန်လျင်မြို့နယ်အတွင်း ခိုးမှုကျူးလွန်သူ သုံးဦးအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်း သန်လျင်မြို့နယ်အတွင်း စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ခိုးမှုများ ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစု၊ တောင်ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုနှင့် သန်လျင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညဖနာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားပတ်လမ်းတွင် မျိုးနိုင်(ခ)အငယ်ကောင် အသက်(၁၉)နှစ်၊ အမှတ်မရှိ၊ တာဝမြို့ပြကွက်သစ် ကညင်ပင်ကျေးရွာ သန်လျင်မြို့နယ် နေသူနှင့် သီဟထွန်း(ခ) အကြီးကောင် အသက်(၂၀)၊ အမှတ်မရှိ ဘာဘူ ဆန်စက်ဝင်း သန်လျင်မြို့နယ်နေသူတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်ဖမ်းဆီး

မျိုးနိုင်(ခ)အငယ်ကောင်နှင့် သီဟထွန်း(ခ)အကြီးကောင်တို့အား စစ်ဆေးမေးရာ ခိုးမှုများကျူးလွန်ရာတွင် ရွှေဌေး အသက်(၂၂)နှစ်၊ အမှတ်မရှိ၊ ဦးပေါ ညောင်ပင်လမ်း ကွမ်းခြံကုန်းကျေးရွာ ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နေသူနှင့်အတူ ပူးပေါင်းကျူးလွန်ကြောင်း ထွက်ဆိုသဖြင့် ရွှေဌေးအား ဆက်လက်ဖမ်းဆီးခဲ့ကြောင်း။

ပြန်လည်သိမ်းဆည်း

အမှုမှ သက်သေခံ ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ရာ ခွဲဝေရရှိသော ငွေဖြင့် ဝယ်ယူထားသည့် ကမ်ဘိုအမျိုးအစား ဆိုင်ကယ်တစ်စီး၊ အဲယားကွန်း နှစ်လုံး၊ ကြေးဖြင့်ပြုလုပ်ထားသည့် သိန်းငှက်ရုပ် တစ်ရုပ်၊ လက်ကောက်ကိုးကွင်း၊ လက်စွပ်လေးကွင်း၊ ရွှေရည်စိမ် ဆွဲကြိုး ငါးကုံး၊ ဒီဗွီဒီစက်တစ်လုံး၊ ရီမုတစ်ခု၊ ဘက်ထရီအိုး သုံးလုံး၊ ဂိမ်းစက် ငါးလုံးနှင့် အဝတ်အထည်များကို ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ မျိုးနိုင်(ခ)အငယ်ကောင်၊ သီဟထွန်း(ခ)အကြီးကောင်နှင့် ရွှေဌေးတို့ သုံးဦးအား သန်လျင် ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဝအမောပြေ

အိမ်နှင့်ကျောင်း ...

မူလတန်းကျောင်းတစ်ကျောင်းတွင် မူလတန်းအထက်ဆင့် ကျောင်းသားများအား အတန်းပိုင်ဆရာက ပထဝီဝင်ဘာသာရပ်မှ ကမ္ဘာကြီးအကြောင်းကို သင်ကြားပေးလေသည်။

ဆရာ ။ ။ ကဲ-တပည့်တို့… ဆရာ ဒီနေ့ မင်းတို့နေထိုင်တဲ့ ကမ္ဘာကြီး အကြောင်းကို သင်ပေးမယ်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါဆရာ။

ဆရာ ။ ။ 'ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးသည် လုံးဝန်းသောပုံသဏ္ဌာန် ရှိသည်' ဆိုတဲ့ဝါကျတစ်ကြောင်းကို အလွတ်ကျက်လာကြပါ။ မနက်ဖြန် ပြန်မေးမယ်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါဆရာ။

ကျောင်းသားတစ်ဦးသည် ဆရာကျက်စာပေးလိုက်သော စာကြောင်းကို ထပ်ခါတလဲလဲ ရွတ်ဆိုကျက်မှတ်နေရာ အနီးရှိဖခင်က ငြီးငွေ့လာပြီး နောက်ပြောင်လိုသော ဆန္ဒရှိသဖြင့် ခပ်တည်တည်ဖြင့်-

ဖခင် ။ ။ ကမ္ဘာကြီးက လုံးဝန်းတဲ့ ပုံသဏ္ဌာန်ရှိတာ မဟုတ်ဘူးကွ။ အပြားကြီးကွ၊ အဲဒီအတိုင်း ပြောင်းဆို။

ပျော်ရွှင်နောက်ပြောင်တတ်သော ဖခင်၏အကြောင်းကို မရိပ်မိသော သားဖြစ်သူက ဖခင်ပြောသည့်အတိုင်း အိမ်တွင်ရွတ်ဆိုကာ ကျောင်းသို့အရောက် ဆရာက စာမေးသဖြင့် ပြန်ဖြေလိုက်သည်မှာ-

ကျောင်းသား ။ ။ ကမ္ဘာကြီးသည် အိမ်တွင်ပြား၍ ကျောင်းတွင်လုံးဝန်းသော ပုံသဏ္ဌာန် ရှိပါသည်။

ဆရာ ။ ။ 'ဘာ'

သူတို့အတွေးနှင့်အမြင်

* ***The superior man thinks only of virtue; the common man thinks only of comfort.***

ပညာရှိသူသည် သုစရိုက်ကိုသာ စဉ်းစားလေ့ရှိပြီး သာမန်လူသည် မိမိ၏ စိတ်ချမ်းသာမှုအတွက်သာ စဉ်းစားလေ့ရှိသည်။

ကွန်ဖြူးရှပ်စ်(တရုတ်အတွေးအခေါ်ပညာရှင်)

* ***Great necessities call forth great leaders.***

အလွန်အရေးကြီးသော မရှိမဖြစ်လိုအပ်ချက်များကို ဖော်ဆောင်ရာ၌ ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကြီးများ ပေါ်ပေါက်လာခဲ့ရသည်။

အဘီဂေးလ်အဒမ်(ဂျွန်အဒမ်၏ဇနီး အမေရိကန်အမျိုးသမီး အတွေးအခေါ်ပညာရှင်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနက်စ်မှတ်တမ်းဝင် ပန်းကန်ကြီး

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) မီဇီရက်ချ်မြို့၌ လီဝါပွဲတော် အထိမ်းအမှတ်အဖြစ် အလျား ၁၀ဒသမ ဝ၆မီတာ၊ အနံ ၂ဒသမ ဝ၃မီတာရှိပြီး စတီးလ်ဖြင့် ပြုလုပ်ထားသော ပန်းကန်ကြီးတစ်ချပ်အတွင်း ကီလိုဂရမ် ၂၀၀၀ရှိ အရည်ရွှမ်းသည့် စွန်ပလွံ သီးများကို ခင်းကျင်းပြသထားရာ ကမ္ဘာ့အကြီးဆုံး ပန်းကန်ကြီးအဖြစ် ဂင်းနက်စ် မှတ်တမ်းတွင် ဖော်ပြခြင်းခံခဲ့ရသည်။ **(အောက်ပုံ)**

ထိုပန်းကန်ကြီးထဲတွင်ထည့်သော စွန်ပလွံသီးများကို လီဝါလယ်သမားများက လှူဒါန်းခဲ့သည်ဟု ဆိုသည်။ အဆိုပါ ပန်းကန်ကြီးတွင် လက်ကိုင် ၁၅ခု တပ်ဆင်ထားကာ ယင်းပန်းကန်ကြီးကို အာဘူဒါဘီတွင် ထုတ်လုပ်ခဲ့ပြီး နိုင်ငံ၏အနောက်ပိုင်း ဒေသသို့ သာမန်ထက် အရွယ်အစားကြီးမားသည့် ကုန်တင်ကားဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်ဓာတ်ပုံ)**



ကမ္ဘာ့အမြင့်ဆုံးဖြစ်လာမည့် လူနေအဆောက်အအုံ

ဒဗ္ဗလင်အခြေစိုက် ရှယ်လ်ဘိုမီဒီဗလော့မင့်ထ်လီမိတက်သည် အမေရိကန်နိုင်ငံ ချီကာဂိုမြို့လယ်၌ ဗိသုကာပညာရှင် ဆန်တီယာဂိုကာလာထရာဗာ ပုံစံရေးဆွဲသည့် ပေ ၂၀၀၀ မြင့်သော အလိမ်အရစ်များပါဝင်သည့် အမိုးချွန် လူနေအဆောက်အအုံကို ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည်။ (အပေါ်ပုံ)

လူနေအိမ်ခန်း၏ အကျယ်အဝန်းမှာ အငယ်ဆုံး ၅၃၄ စတုရန်းပေမှ အကြီးဆုံး ၁၀၃၀၉ စတုရန်းပေအထိရှိပြီး အငယ်ဆုံးအခန်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၀၀၀ ရှိသည်။ အကြီးဆုံးအခန်းဖြစ်သည့် မိုးထိနှစ်လွှာတိုက်ခန်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၀ ရှိမည်ဟုဆိုသည်။ ချီကာဂိုအမိုးချွန် အဆောက်အအုံကို ချီကာဂိုမြစ်နှင့် မစ်ချီဂန်ရေအိုင်တို့ ဆုံတွေ့သည့်နေရာတွင်ရှိသော ၂ ဒသမ ၂ ဧကကျယ်သည့် မြေကွက်ပေါ်၌ ဆောက်လုပ်မည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော လူနေအဆောက်အအုံဖြစ်လာမည်ဟု ဆိုသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အကွေ့အကောက်မြောက်မြားလှစွာသော . . . .

နိုင်ငံတကာမှခင်း

ဆန်တာအန်နာ မြို့လေးသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် အနောက်တောင်ပိုင်းတွင် တည်ရှိသော လူဦးရေငါးသိန်းကျော် နေထိုင်သည့် မြို့ ဖြစ်သည်။

လူတန်းစေ့နေနိုင်ရုံ

ထိုမြို့တွင် လွန်ခဲ့သော ၂၉ နှစ်က စကိုင်လာဒီလီယွန် **(ယာပုံ)** အမည်ရှိ ယောက်ျားလေးတစ်ဦး လူ့လောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ဒီလီယွန်၏ မိဘများသည် အလယ်အလတ်လူတန်းစားများ ဖြစ်ကြပြီး စီးပွားရေး ချောင်လည်ရုံသာရှိကာ လူတန်းစေ့ နေနိုင်ရုံမျှသော အခြေအနေတွင်သာ ရှိသည်။

ပါဝင်သရုပ်ဆောင်

မိဘနှစ်ပါးသည် ဒီလီယွန် အရွယ်ရောက်သည့်အချိန်တွင် ၎င်း၏ ရှေ့ရေးအတွက် ပညာသင်ကြားပေးခဲ့သည်။ ဒီလီယွန်သည် အတန်အသင့် လိမ္မာသော သားတစ်ဦးဖြစ်ပြီး ဉာဏ်ပညာထက်မြက်သူဖြစ်သည်။ ရုပ်ရည်ချောမောသူ ဖြစ်သဖြင့် အက်ပီးဆုတ်ဇာတ်လမ်းတွဲများ အနက်မှ တစ်ခုဖြစ်သည့် '**Mighty Morphin Power Rangers**' ဇာတ်လမ်းတွဲတွင် ကလေးသရုပ်ဆောင်အဖြစ် ဇာတ်ဝင်ခန်းအချို့၌ပင် ပါဝင်သရုပ်ဆောင်ခဲ့ဖူးသည်။

ကျောင်းထွက်ခဲ့ရ

ဒီလီယွန် အသက် ၁၈ နှစ်အရွယ် တက္ကသိုလ်တက်နေဆဲတွင် ၎င်း၏ ဖခင်နှင့် မိခင်နှစ်ဦးစလုံးတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့သဖြင့် လှေပြေးတုန်း တက်ကျိုး ဆိုသကဲ့သို့သော အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် တစ်ဦးတည်းသောသားဖြစ်သူ သူ၏ ဘဝရှေ့ရေးအတွက် အလုပ် လုပ်ခဲ့ရပြီး ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရတော့သည်။

ရန်းကန်လှုပ်ရှား

ဒီလီယွန်သည် ကလေးဘဝက ပါဝင်လှုပ်ရှား သရုပ်ဆောင်ခဲ့သော အနုပညာလောကသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း အခြေအနေ မပေးတော့သဖြင့် ဆက်လက် လုပ်ကိုင်ခြင်း မရှိတော့ဘဲ လက်ရှိဘဝတွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ရသည်။

ဆက်လက်ပေါင်းသင်း

ပညာတစ်ပိုင်းတစ်စနှင့် ဒီလီယွန်သည် ဘဝဝမ်းရေးအတွက် ခက်ခဲစွာ ရုန်းကန်ရင်း အပေါင်းအသင်းမှားကာ ဖောက်ထွင်းမှုကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ်ကျခံခဲ့ရသည်။ ထောင်တွင်း၌ ဂျွန်ဂျာဗီ အမည်ရှိ အမျိုးသားတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့သည်။ ထို့နောက် ထောင်မှလွတ်မြောက်ပြီး အပြင်လောကသို့ ရောက်ချိန်တွင်လည်း ဒီလီယွန်သည် ဂျွန်ဂျာဗီနှင့်မိတ်ဆွေအဖြစ် ဆက်လက်ပေါင်းသင်းခဲ့သည်။

အလုပ်သွားရောက်လုပ်ကိုင်

ဒီလီယွန်ထောင်မှ လွတ်မြောက်ချိန်တွင် အသက် ၂၂ နှစ် အရွယ်ရှိနေပြီး ဂျနီဖာဟင်ဒါဆန်အမည်ရှိအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ အိမ်ထောင်သည်ဖြစ်လာသော ဒီလီယွန်သည် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားရန်အတွက် ထောင်ထဲတွင် မိတ်ဆွေဖြစ်ခဲ့ဖူးသူ ဂျွန်ဂျာဗီနှင့်အတူ မက္ကဆီကိုနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခဲ့သည်။

မက္ကဆီကိုတွင်၂၀၀၂ခုနှစ်မှ ၂၀၀၃ ခုနှစ်ကုန်ပိုင်းအထိ နှစ်နှစ်တာမျှအလုပ်လုပ်ကိုင်ပြီး ဒီလီယွန်သည် အမေရိကန်နိုင်ငံရှိ ဇနီးထံသို့ ပြန်လာရန် ဆန္ဒရှိသော်လည်း ဂျွန်ဂျာဗီကမူ ဆက်လက် အလုပ်လုပ်ကိုင်လိုသဖြင့် မက္ကဆီကိုတွင် နေခဲ့ရန် ဆန္ဒရှိသည်။ ဂျွန်ဂျာဗီသည် ဇာတိနိုင်ငံသို့ ပြန်မလိုက်သော်လည်း ၎င်း၏ အလုပ်လုပ်၍ ရသမျှသော လုပ်အားခငွေများကို မိသားစုထံသို့ ဒီလီယွန်နှင့် လူကြုံပေးလိုက်သည်။

စစ်ဆေး

ဒီလီယွန်သည် ၂၀၀၃ခုနှစ် နှစ်ကုန်ပိုင်းတွင် ဂျွန်ဂျာဗီယာက ယုံကြည်စွာ လူကြုံပေးသော အမေရိကန်ဒေါ်လာ ၅၀၀၀၀ကိုရရှိပြီးနောက် မတော်လောဘစိတ်ကြောင့် စိတ်ပြောင်းလဲကာ မက္ကဆီကိုနိုင်ငံ အနာဟီရင်မ်မြို့တွင် ဂျွန်ဂျာဗီယာအား သတ်ပစ်ခဲ့လေသည်။ အမေရိကန်သို့ ပြန်ရောက်ချိန်တွင် ပစိဖိတ်သမုဒ္ဒရာကမ်းခြေ၌ ရွက်လှေစီးကာ အပျော်ခရီးထွက်လာသော တွန်ဟော့ခ်နှင့် ဇနီးတို့၏ ရွက်လှေကို ဝယ်ယူမည့်ဟန်ဆောင်ကာ သူနှင့်အခြား အမျိုးသားနှစ်ဦးက ရွက်လှေကို စမ်းသပ်စီးဟန်ပြုရင်း ၎င်းဇနီးမောင်နှံကို ပစိဖိတ် သမုဒ္ဒရာအတွင်းသို့ တွန်းချသတ်ဖြတ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့၏ အလောင်းကို ပြန်လည်ရရှိခြင်း မရှိခဲ့ပေ။ ယခုအခါ အသက်၂၉နှစ်ရှိ စကိုင်လာ ဒီလီယွန်သည် ပြစ်မှုကျူးလွန်ပြီး ကိုယ်ရောင်ဖျောက်ခဲ့သော်လည်း ယင်းလူသတ်မှုသုံးမှုဖြင့် ဖမ်းဆီးခံရကာ တရားရင်ဆိုင်နေရသည်။ ပြီးခဲ့သော အောက်တိုဘာ ၂၀ရက်က အမှုကို ရုံးတင်လျက် စွဲချက်တင်ကာ အောက်တိုဘာ ၂၂ရက်က အမှုစတင် စစ်ဆေးခဲ့သည်။

ယခုဖြစ်ရပ်တွင် ဘဝအစတွင် ကံကောင်းမှုများဖြင့် စတင်ခဲ့သော စကိုင်လာဒီလီယွန်သည် အကွေ့အကောက် မြောက်မြားလှစွာသော လောကဓံလှိုင်းရိုက်ပုတ်မှုဒဏ်ကြောင့် ပြောင်းလဲကာ ဘဝအခြေမလှခဲ့ရသောဖြစ်ရပ်ကို ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

သဘာဝသိပ္ပံ

အာတိတ်သမုဒ္ဒရာ၏ ရေခဲထုလွှာ ယခင်ဆောင်းရာသီကထက် လျော့နည်းကျဆင်းလာ

လန်ဒန် အောက်တိုဘာ ၂၉

အာတိတ်သမုဒ္ဒရာ၏ ရေခဲထုအလွှာသည် ပြီးခဲ့သည့် ဆောင်းရာသီကထက် တစ်ပေခွဲကျော် လျော့ပါးလာသည်ကိုတွေ့ရကြောင်း ဂြိုဟ်တုမှရရှိသော မှတ်တမ်းများအရ ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။ **(အောက်ပုံ)**

အာတိတ်ရေခဲပြင်သည် ယခင်ဆောင်းရာသီကာလများကထက် ထုထည်မြင့်တက်မှု လျော့ပါးလာသည်ကို တွေ့ရကြောင်း သုတေသီများကပြောကြားသည်။

ထုထည်

အဆိုပါ ဝင်ရိုးစွန်းဒေသရေခဲပြင်သည် လွန်ခဲ့သော ဆောင်းရာသီငါးကြိမ်က ပုံမှန်အနေအထားအတိုင်း ထုထည်မြင့်တက်မှုရှိခဲ့သော်လည်း ယခုနှစ်ဆောင်းရာသီတွင် လျော့နည်းလာသည်ကိုတွေ့ရကြောင်း လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အာတိတ်သမုဒ္ဒရာ၏ ရေခဲပြင်အကျယ်အဝန်းမှာလည်း ၂၀၀၇ ခုနှစ် စက်တင်ဘာလက အသေးငယ်ဆုံး ကျုံ့သွားခဲ့သည်။ အာတိတ်ရေခဲပြင်၏ အကျယ်အဝန်းမှာ ၂၀၀၅ ခုနှစ်က စတုရန်းကီလိုမီတာ သန်းပေါင်း ၅ ဒသမ ၃၂ သန်း ရှိခဲ့သည်။

ကျုံ့ဝင်ခဲ့

သို့သော် ၂၀၀၇ ခုနှစ်က ယင်းအာတိတ်သမုဒ္ဒရာ၏ ရေခဲပြင်အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာပေါင်း ၄ ဒသမ ၁၃ သန်းသာရှိခဲ့သဖြင့် ကျုံ့ဝင်သွားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ညောင်တုန်းအထက(၂)ရာပြည့်ပွဲနှင့် ဆရာ ဆရာမများ ဂုဏ်ပြုပူဇော်ပွဲ

ညောင်တုန်း အောက်တိုဘာ ၂၆

ညောင်တုန်းမြို့ အထက(၂) (ယခင် အလက-၁) နှစ်၁၀၀ ပြည့် ပွဲတော်တွင် နိုင်ငံ့အကျိုးပြုပုဂ္ဂိုလ်များ မွေးထုတ်သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများ ဂုဏ်ပြုပူဇော်ပွဲနှင့် ဒုတိယကမ္ဘာစစ်မတိုင်မီခေတ်မှ မျက်မှောက်ခေတ်အထိ ယင်းကျောင်းတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ အငြိမ်းစားကန်တော့ခံ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

အဆိုပါ ရာပြည့်ပွဲ၊ ဂုဏ်ပြုပူဇော်ပွဲတို့နှင့် ပတ်သက်၍ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၃၈၀၁၀၆၊ အိုင်တီအင်တာနက် ၁၅၃၊ ၃၉လမ်း ရန်ကုန်ဖုန်း-၃၇၇၂၃၆ နှင့် ညောင်တုန်းအထက(၂) ဖုန်း-၀၄၆-၂၀၂၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၅၂)

မြေယာရှင်းစစ်ဆေး

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် ဆောင်ရွက်ထားသော မြေယာရှင်းစစ်ဆေးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကညွတ်ကွင်းမြို့ မုန်တိုင်လမ်း ကတ္တရာခင်း

ဖြူး အောက်တိုဘာ ၂၂

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကညွတ်ကွင်းမြို့ မုန်တိုင်လမ်း ကတ္တရာခင်းခြင်းနှင့် စက်တောင်(၁)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းများအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို အောက်တိုဘာ ၁၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပေါက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၆)တွင် တက်ရောက်ပညာသင်ကြားနေကြသော တိုင်းရင်းသား သင်တန်းသူများအား ပြည်ထောင်စုစိတ်ဓာတ် သင်ခန်းစာကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က သင်ကြားပို့ချစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ စက်တင်ဘာ ၂၀ရက်က မိုးညှင်းမြို့ ပင်လုံလမ်း ကတ္တရာထပ်မိုးလွှာခင်းရန် ကျောက်စုဆောင်း ထားမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးပညာဌာန EMBA First to Seven Batch ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ တွန်းဇန်မြို့တွင် ကျင်းပ

တွန်းဇန် အောက်တိုဘာ ၁၈

ချင်းပြည်နယ် တွန်းဇန်မြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်နေ အသက် ၈၀ နှင့်အထက် အဘိုး အဘွား ၁၃ဦးတို့ တက်ရောက်ကြသည်။

ကန်တော့

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အဘိုးတစ်ဦးအားပစ္စည်းနှင့်ငွေသားဖြင့် ဂါရဝပြုပေးအပ်ကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဘိုးဘွားများအား ပစ္စည်းနှင့် ငွေသားများဖြင့် ကန်တော့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၇၂)ကြိမ်မြောက်သွေးလှူဒါန်း

ကျောက်မဲ အောက်တိုဘာ ၂၅

ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးမောင်ညွန့် ဒုအရာခံဗိုလ် (ငြိမ်း) လူမှုထူးချွန်(တတိယဆင့်) **(အပေါ်ပုံ)**သည် အောက်တိုဘာ ၁၃ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် (၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သွေးဌာန)**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Training Center ဌာနခွဲက ကြီးမှူး၍ Basic Level Grade II Welding စာတွေ့လက်တွေ့သင်တန်းကို နိုဝင်ဘာ တတိယပတ်တွင် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ သင်တန်းကို အသက် ၂၀ မှ ၄၀ကြားရှိ ကျန်းမာသန်စွမ်းပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ အမျိုးသားများ လျှောက်ထားနိုင်သည်။

တက်ရောက်ခွင့်

ဤသင်တန်းတွင် Basic Level Course နှင့် Intensive Courseဟူ၍ သင်တန်းနှစ်ဆင့် ခွဲခြားပို့ချမည်ဖြစ်ရာ သင်တန်းအောင်လက်မှတ်ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီးသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFEE တို့ ပူးပေါင်းစီစဉ်စေလွှတ်မည့် Advanced Welding သုံးနှစ်သင်တန်းသို့ တက်ရောက်ခွင့် ဖြေဆိုရရှိရေး လက်တွေ့စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့် ရရှိမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင် CMC ကုမ္ပဏီဝန်ထမ်းများ၊ ပြင်ပမှစိတ်ဝင်စားသူများသည် သင်တန်းမန်နေဂျာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ လိုင်းခွဲ ၃၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(အင်ဂျင်နီယာအသင်း)**

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရှမ်းစုရပ်ကွက် ရှမ်းဘက်(၁)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းခွင်ကို အောက်တိုဘာ ၁၆ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်စံသိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မန္တလေး အထွေထွေရောဂါကု ဆေးရုံ ဖျားနာဆောင် (၁) ဗီရိုစားပွဲအတွက် ငွေလှူဒါန်း

မန္တလေး အောက်တိုဘာ ၈

မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး ဖျားနာဆောင်(၁)အတွက် လိုအပ်နေသော ဗီရိုစားပွဲများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်က ဖျားနာဆောင်(၁) စာသင်ဆောင်၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း တက်ရောက်လက်ခံယူသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ ဒေါက်တာမောင်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင်ကိုယ်စား ဒေါ်သောင်းသောင်းက ဖျားနာဆောင်(၁) လူနာများ အဆင်ပြေအသုံးပြုနိုင်ရေးအတွက် ဗီရိုစားပွဲများ ပေးအပ်လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြ၍ ဗီရိုစားပွဲအတွက် ငွေကျပ် ၁၀သိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၀၉၀)

အောက်တိုဘာ၂၀ရက်က လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ် (၉) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရဲကျော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၃မှုတွင် ရောင်းချသူ ၁၁ဦးအား အနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူနှစ်ဦးအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၃၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉နာရီက နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးတိုင်းရင်းသား တိုင်းရင်းသူများ၊ အထူးဖိတ်ကြားထားသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြပွဲတွင် Notebook ကွန်ပျူတာအမျိုးအစားသစ်တစ်မျိုးကို ဤသို့တွေ့နိုင်သည်။

နောက်ဆုံးပေါ် ကွန်ပျူတာနည်းပညာများ လေ့လာနိုင်မည့် သတင်းနှင့် နည်းပညာပြပွဲ ၂၀၀၈ ယနေ့ဖွင့်လှစ်ပြသ

တွေ့ဆုံမေးမြန်းသူ - မြင့်စိုး
ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် အောက်တိုဘာ ၃၀

မျက်မှောက်ခေတ် အိုင်တီလောကသည် အံ့မခန်းတိုးတက်ပြောင်းလဲနေသကဲ့သို့ နည်းပညာများမှာလည်း အသစ်အသစ်တို့ဖြင့် အစားထိုးဝင်ရောက်ကာ အစဉ်ပြောင်းလဲလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ *

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် ထိုးသတ်မည်

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၃၀

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ (KLN Group)မှ စီစဉ်ကျင်းပမည့် မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ယှဉ်ပြိုင်ထိုးသတ်ပွဲများ ကျင်းပမည်ဖြစ်ရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ် ယနေ့ပြုလုပ်သည်။

ဝင်ကြေး

အဆိုပါ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပထမဆုံးကျင်းပသည့် ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်နှင့် ၉ရက်တို့တွင် စာမျက်နှာ ၆ ကော်လံ ၁ ❐

မြန်မာ့ လက်ဝှေ့ကျော် ဝင်းထွန်းနှင့် ထိုးသတ်မည့် ထိုင်းလက်ဝှေ့သမား လာချီလိတ်။

(မြန်မာ့အလင်း)

နှစ်စဉ်ပျမ်းမျှရေ ဧကပေ သန်းနှင့်ချီ၍ စီးဝင်လျက်ရှိသော မုန်းချောင်းပေါ်မှ ရေလှောင်တမံစီမံကိန်းများ၏ အကျိုးရလဒ်များ

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ ရေလွှမ်းမိုးမှုထိန်းသိမ်းကာကွယ်တားဆီးရေးလုပ်ငန်းများသာမက နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိနိုင်ရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းပေါ်တွင် ရေလှောင်တမံစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ထပ်မံရေးဆွဲ

မုန်းချောင်းရေသည် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ သန်းနှင့်ချီ၍စီးဆင်းသောကြောင့် မုန်းချောင်းရေလှောင်တမံတည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်သော်လည်း စာမျက်နှာ ၇ ကော်လံ ၁ ■

မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် မုန်းချောင်းကိုဖြတ်၍ ဆောက်လုပ်မည့် ဖူးရွာရေလှောင်တမံ စီမံကိန်းအတွက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများကို ဤသို့ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။